မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၁၃ ရက်၊ သောကြာနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၂၂)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ခရမ်းရေထိန်းတံခါးကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ခရမ်းရေထိန်းတံခါး

ခရမ်း ရေထိန်းတံခါးသည် ရန်ကုန်တိုင်း ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းဝရွာဟောင်း အနီးရှိ ခရမ်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး ရေခေါင်းမြောင်းမ အလျားပေ ၄၀၀၀၊ ရေထုတ်မြောင်း အလျား ပေ ၂၅၀၀ နှင့် ကွန်ကရစ် ရေတံခါးအကျယ် ၆ ပေ x ၁၆ ပေ အကျယ်ရှိ ရေတံခါးပေါက် ၄၀ တပ်ဆင်ထားပြီး အကျိုးပြုဧရိယာမှာ ဧက ၃၀၀၀၀ ဖြစ်သည်။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေး အမျိုးသားရေးဦးတည်ချက်ထားရှိ ဆည်မြောင်းတာတမံ၊ ရေထိန်းတံခါး၊ မြစ်ရေတင်စီမံကိန်းများ ဦးစားပေးဖော်ဆောင်ပေးနေ နိုင်ငံတော်၏ ၁၇၄ ခုမြောက် ရေတံခါးပေါက် ၄၀ ပါဝင်သည့် ခရမ်းရေထိန်းတံခါးဖွင့်လှစ်

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်း ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ခရမ်းရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်တွင် အဆိုပါရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်အမှာစကားပြောကြားပြီး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **စာမျက်နှာ ၃ ကော်လံ ၁** ✡

ရန်ကုန်တိုင်း သန်လျင်မြို့နယ် ချောင်းဝရွာဟောင်း အနီး ခရမ်းချောင်း၌ တည်ဆောက်ထားသော အကျိုးပြုဧရိယာဧက ၃၀၀၀၀ အကျိုးပြုမည့် ၆ ပေ x ၁၆ ပေ အကျယ် ရေတံခါးပေါက် ၄၀ ပါရှိသည့် ခရမ်းရေထိန်းတံခါးကို ဤသို့ခံ့ညားထည်ဝါစွာ တွေ့မြင်ရသည်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မေလ ၁၃ ရက်)

လုပ်ကြံဖန်တီးလာသည့် အဖျက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချ ပြည်ထောင်စုမပြိုကွဲရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်

နိုင်ငံတော်အစိုးရသည် ပြည်နယ်၊ တိုင်းဒေသအသီးသီး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ဝေဆာလျက်ရှိသည်။

နိုင်ငံတော်တစ်ဝန်းလုံးတွင် လမ်း၊ တံတားများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ အလုပ်ရုံ၊ စက်ရုံများ၊ စက်မှုလယ်ယာနည်းပညာသစ်နှင့် စိုက်ပျိုးထားသည့် စိုက်ခင်းများ၊မြို့ပြအဆောက်အအုံများ၊ ဆည်တမံများဖြင့် တိုးတက်များပြားလာနေပြီ ဖြစ်သည်။ ဤတိုးတက်ဖွံ့ဖြိုးမှုအသီးအပွင့်များသည် ပြည်သူတို့ စိတ်ချမ်းသာပီတိဖြစ်ရသည့် အခြေအနေကောင်းများ ဖြစ်သည်။

အခြားပြည်နယ်၊ တိုင်းများနည်းတူ ရှမ်းပြည်နယ်ရှိ ဒေသအသီးသီးတွင်လည်း အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်နေရသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းနောင်မြို့နယ်မှ တိုင်းရင်းသားပြည်သူများသည်လည်း မိမိဒေသတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန် ညီညီညာညာ စုပေါင်းအားထုတ်လျက် ရှိကြသည်။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ ပြည်သူတို့၏အားထုတ်မှုတို့ကြောင့် မိုင်းနောင်ဒေသသည် ရှေးကနှင့်မတူ တစ်မူထူးခြားပြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်နေသည်မှာ သန့်ရှင်းကြည်လင်အေးမြသည့် ရေကန်သာထဲတွင် ကြာမျိုးငါးပါးပွင့်လန်းလှပနေသကဲ့သို့ အခြေအနေကောင်းများ ဖြစ်ထွန်းနေသည်ကို အားရဖွယ် တွေ့မြင်နေရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းသာယာမှုတည်းဟူသော လှပသာယာ ကြည်လင်သန့်စင်သည့် မဟာနန္ဒာကန်ကြီးထဲတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုတည်းဟူသော ကြာမျိုးငါးပါး ပွင့်လန်းသင်းထုံလျက်ရှိသည်။

ပြည်ထောင်စုကြီးတည်းဟူသော လှပကြည်လင်သန့်စင်သည့် မဟာနန္ဒာကန်ကြီးကို နောက်ကျိညစ်ညမ်းပြီး ကြာပန်းများပျက်စီးစေရန် ရှမ်းပြည်ပြေးစော်ဘွားအန္တယ်ဟောင်း စဝ်ခမ်ဖနှင့်အပေါင်းပါ အဖျက်သမားတစ်စုသည် ရှမ်းသမ္မတနိုင်ငံတည်ထောင်လိုက်ပြီဟူ၍ မလိမ့်တစ်ပတ်လုပ်ဇာတ်သတင်းများ ထုတ်လွှင့်လာသည်။

ပြည်ပြေးစဝ်ခမ်ဖသည် ကိုယ့်ဇာတိ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသကို ကျောခိုင်းပြီး စော်ဘွားဘဝနှင့် ၎င်း၏မိဘများ မတရားရှာဖွေစုဆောင်းထားသည့် ငွေများဖြင့် ပြည်ပတွင် သွားရောက်ဇိမ်ခံနေသည်မှာ ကာလကြာခဲ့ပြီ ဖြစ်သည်။ ယူဆောင်သွားသည့် ငွေကြေးများ ကုန်သည်နှင့်တစ်ပြိုင်နက် ကိုလိုနီနယ်ချဲ့သမားထံမှ လက်ဖြန့်ခံ တောင်းရမ်းစားသည့် နယ်ချဲ့လက်ဝေခံ ပြည်ပြေး ကြေးစားသစ္စာဖောက်သမား ဖြစ်သွားသည်။

ယခုအခါ ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုသည် ကိုလိုနီနယ်ချဲ့သမား စေခိုင်းသည့်အတိုင်း ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုး ဒုက္ခရောက်စေမည့် ပြည်ထောင်စုပြိုကွဲရေးလုပ်ရပ်များ လုပ်လာသည်ကို တွေ့မြင်နေရသည်။

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေလ၁၀ရက်နေ့ နံနက်ပိုင်းရာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ မိုင်းနောင်မြို့နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းရှူးမြို့နယ်၊ ကွန်ဟိန်း မြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ တစ်ခဲနက်တက်ရောက်ကြပြီး ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါ တစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား တညီတညွတ်တည်း ဆန့်ကျင်ရှုတ်ချ ကန့်ကွက်ကြသည်။

လွန်ခဲ့သည့် ဧပြီလထဲက စဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုသည် အက်စ်အက်စ်အေသောင်းကျန်းသူ ဘိန်းဓားပြဂ္ဂက်ဆစ်အဖွဲ့နှင့် ပူးပေါင်းပြီး ရှမ်းပြည်နယ် မြို့နယ်အချို့မှ လူထုက ၎င်းတို့အား ထောက်ခံသယောင် မလိမ့်တစ်ပတ်လုပ်ရပ်များ၊ အဓမ္မလုပ်ရပ်များနှင့် လှည့်ဖြားလုပ်ကြံပြီး ဝါဒဖြန့်ခဲ့ကြသည်။ အမှန်တကယ်အားဖြင့် မိုင်းနောင်မြို့နယ် လူထုအပါအဝင် ရှမ်းပြည်နယ်တစ်ဝန်းမှ မည်သည့်မြို့နယ်၊ မည်သည့်ကျေးရွာ၊ မည်သူ တစ်ဦးတစ်ယောက်ကမျှ စဝ်ခမ်ဖအဖွဲ့၏ မျိုးဖျက်၊ပြည်ဖျက် လုပ်ရပ်မျိုးကို မထောက်ခံကြချေ။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် ပြည်ပြေးသစ္စာဖောက် စဝ်ခမ်ဖနှင့်အပေါင်းပါတစ်စု၏ လုပ်ကြံဖန်တီးလာသည့် အဖျက်လုပ်ရပ်များကို ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချကြပြီး နိုင်ငံတော်ကို ဝိုင်းဝန်း ကာကွယ်စောင့်ရှောက်သွားကြမည်သာ ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတကာ သတင်းများ

ကမ္ဘာ့စိန်ခေါ်မှုများဖြေရှင်းရေး ပူးပေါင်းဆောင်ရွက်ကြရန် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ တိုက်တွန်း

ကျိုတို(ဂျပန်) မေ ၁၂

ခုနစ်ကြိမ်မြောက် အာရှ-ဥရောပအစည်းအဝေး(အေဆမ်) နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးသည် ဂျပန်နိုင်ငံ ကျိုတိုမြို့တွင် မေ ၇ ရက်က ပြီးဆုံးသွားခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အာရှနှင့် ဥရောပ ပူးပေါင်းဆောင်ရွက်သွားရန် အေဆမ်မှတစ်ဆင့် တိုက်တွန်းလိုက်သည်။

နှစ်ရက်ကြာ အစည်းအဝေးတွင် ၃၈နိုင်ငံနှင့် နိုင်ငံတကာဆိုင်ရာ အဖွဲ့အစည်းကော်မရှင်မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များသည် နိုင်ငံပေါင်းစုံဝါဒ ခိုင်မာရေး၊ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုနှင့်လူမျိုးတိုးတက်မှုဆွေးနွေးပွဲတို့ အပါအဝင် အများအကျိုးစီးပွား ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ နိုင်ငံခြားရေးဝန်ကြီးများသည် ဆွေးနွေးပွဲ၌ ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရန် ဆုံးဖြတ်ခဲ့ကြသည့်ပြင် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများ ဖြေရှင်းရေး အာရှ-ဥရောပ ပေါင်းဖော်ဖက်ကို ကြိုဆိုခဲ့ကြသည်။ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များအတွင်း အေဆမ်၏ အနာဂတ်၊ အေဆမ်အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှု ယန္တရားစွမ်းရည် တိုးတက်မှုအပြင် အနာဂတ် အဖွဲ့ဝင် အင်အားတိုးချဲ့မှုကိစ္စရပ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးများသည် ယင်းအစည်းအဝေး၌ ဆွေးနွေးခဲ့ကြသည်။

ပါဝင်တက်ရောက်

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးများသည် အရှေ့အာရှထိပ်သီးအစည်းအဝေး အစီအစဉ်နှင့်စပ်လျဉ်း၍ အာရှဆွေးနွေးညှိနှိုင်းမှုများ၊ ဒေသဆိုင်ရာ လုံခြုံရေး၊ ကုလသမဂ္ဂ ပြင်ဆင်ဖွဲ့စည်းမှုနှင့် ပတ်ဝန်းကျင်ကိစ္စရပ်များကို စူးစိုက်ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲတွင် အာဆီယံဝင် ၁၀နိုင်ငံ၊ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် ဥရောပသမဂ္ဂဝင် ၂၅နိုင်ငံအပြင် ဥရောပကော်မရှင်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ပါကစ္စတန်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့ စီးပွားရေးဆိုင်ရာမိတ်ဖက်နိုင်ငံများဖြစ်လာ

ကွာလာလမ်ပူ မေ ၁၁

ပါကစ္စတန်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်(အက်ဖ်တီအေ) အပါအဝင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မိတ်ဖက်နိုင်ငံများဖြစ်လာပြီဖြစ်ကြောင်း အလည်အပတ် ရောက်ရှိနေသော ပါကစ္စတန်ဝန်ကြီးချုပ် ရှောကက်အဇစ်က ပြောကြားလိုက်သည်။

ပြောကြား

အက်ဖ်တီအေအတွက် စေ့စပ်ဆွေးနွေးမှုများ စတင်ခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းသည် နှစ်နိုင်ငံစလုံး သေချာသော အကြောင်းအရာများဆီသို့ လျင်မြန်စွာ ရွေ့လျားသွားနိုင်လိမ့်မည်ဖြစ်ကြောင်း ရှောကက်အဇစ်က မလေးရှားသတင်းဌာနတစ်ခုဖြစ်သော ဘာနာမာ၏ တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

ဆောင်ရွက်ခဲ့

မလေးရှားဝန်ကြီးချုပ် အာမက်ဘာဒါဝီ လွန်ခဲ့သော သုံးလက အစ္စလမ္မာဘတ်သို့ လာရောက်စဉ်က နှစ်နိုင်ငံ အခြားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ရယူနိုင်မည်

မလေးရှား ကုမ္ပဏီများ ပါကစ္စတန်သို့ လာရောက်ကာ အိမ်ရာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ပြန်ကြားရေးနည်းပညာ၊ စိုက်ပျိုးရေးအခြေခံလုပ်ငန်းများ၊ ရေနံနှင့် စွမ်းအင်လုပ်ငန်းများအပါအဝင် ကဏ္ဍစုံတွင် အခွင့်အလမ်းများ ရယူနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တောင်ကိုရီးယားနှင့် လက်တင်အမေရိကနိုင်ငံများ လွတ်လပ်သောကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်မည်

ဆိုးလ် မေ ၁၂

ဘရာဇီး၊ အာဂျင်တီးနား၊ ဥရုဂွေးနှင့် ပါရာဂွေးနိုင်ငံတို့အပါအဝင် လက်တင်အမေရိကနိုင်ငံအချို့နှင့် လွတ်လပ်သော ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်ရန် တောင်ကိုရီးယားနိုင်ငံက စီစဉ်ပြုလုပ်နေကြောင်း ဆိုးလ်မြို့ရှိ အရာရှိများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ ချီလီနိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှုတစ်ရပ် ရရှိခဲ့သည့် တောင်ကိုရီးယားနိုင်ငံက လက်တင်အမေရိက ဒေသအတွင်းရှိ အခြားနိုင်ငံများနှင့်လည်း ယင်းကဲ့သို့သော သဘောတူညီမှုများရရှိရေး ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

သဘောတူ

တောင်ကိုရီးယားနိုင်ငံမှ ကိုယ်စားလှယ်များနှင့် တောင်အမေရိကလေးနိုင်ငံမှ ကိုယ်စားလှယ်များ ပါရာဂွေးနိုင်ငံမြို့တော် အဆမ်ရှင်းတွင် မေ၄ရက်နှင့်၅ရက်များ၌ တွေ့ဆုံ ဆွေးနွေးခဲ့ရာ လာမည့်၂၀၀၆ခုနှစ်တွင် လွတ်လပ်သော ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ထူထောင်ရန် သဘောတူညီခဲ့ကြကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။ အဆိုပါသဘောတူမှု စီမံချက်တွင်နှစ်ဦးနှစ်ဖက်တို့အနေဖြင့် ကုန်သွယ်မှုအခွင့်အလမ်းများကို ဆောင်ရွက်ရေး လာမည့်နှစ်မေလတွင် အကောင်အထည်ဖော်ကြရန်လည်း သဘောတူခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တိုင်းကျိုးပြည်ပြု နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူများပူးပေါင်းပါဝင် အဖျက်သမားများ၏ အကြမ်းဖက်အဖျက်လုပ်ရပ်များကို ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ဆန့်ကျင်တိုက်ဖျက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ခရမ်းရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✡ ရွှေဖုံးမှ

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ရန်ကုန်တောင်ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ခရမ်းရေထိန်းတံခါးစီမံကိန်းမှ စီမံကိန်းအင်ဂျင်နီယာနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့ဝင်များ၊ သန်လျင်၊ကျောက်တန်း၊ ခရမ်းနှင့် သုံးခွမြို့နယ်များမှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၅၀၀၀ကျော် တက်ရောက်ကြသည်။

အထူးစီမံကိန်း

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ခရမ်းရေထိန်းတံခါးစီမံကိန်းကြီးသည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မိန့်ကြားချက်ဖြစ်သည့် ရန်ကုန်မြို့တော်၏ ပတ်ဝန်းကျင်တစ်ခွင်လုံးတွင် စိုက်ပျိုးရေးဖြစ်ထွန်းသည့် လယ်မြေများနှင့် စိမ်းလန်းစိုပြည်နေစေရအောင် စီမံဆောင်ရွက်သွားကြဖို့ဆိုသည့် လမ်းညွှန်ချက်အရ အထူးစီမံကိန်းတစ်ရပ်အဖြစ် ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် **"ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည် လယ်ယာမြေများဖြင့် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရေး"** အစီအမံများ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း အစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ရန်ကုန်မြို့တော်၏ မြောက်ဘက်ခြမ်း ရေရှားပါးသည့်ဒေသများဖြစ်သည့် လှည်းကူး၊ ဒဂုံမြို့သစ်၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ တိုက်ကြီးမြို့နယ်များအတွက် ငမိုးရိပ်၊ လဂွန်းပြင်၊ အလိုင်နီ၊တဘူးလှ၊ပေါင်းလင်းစသည့် ဆည်နှင့် ရေလှောင်တမံစီမံကိန်းများ တည်ဆောက်ပေးခဲ့သကဲ့သို့ ရန်ကုန်မြို့တော်၏ တောင်ဘက်ခြမ်း ခရမ်း၊ သုံးခွ၊ သန်လျင်မြို့နယ်များရှိ ရေကြီးရေလွှမ်းဒေသများနှင့် နွေရာသီတွင် ရေရှားပါးသည့် ဒေသများအတွက်ယခုကဲ့သို့ ရေထိန်းတံခါးစီမံကိန်းများနှင့် ပဲခူးတိုင်းအတွင်းမှာရှိသည့် မိုးယွန်းကြီးအင်းမှရေကို သွယ်တန်းရယူနိုင်မည့် အစီအမံများကို စီစဉ်ဆောင်ရွက် ပေးနေခြင်းပင်ဖြစ်ကြောင်း။

အဓိကဖြည့်ဆည်းပေး

စိုက်ပျိုးရေးလုပ်ငန်းများသည် နိုင်ငံသူ၊ နိုင်ငံသား အများစုကြီးဖြစ်သည့် ကျေးလက်နေ တောင်သူလယ်သမားကြီးများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံတော်အစိုးရ အပိုင်းမှာလည်း ဒေသဝမ်းစာ ဖူလုံရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားရေးတို့အတွက် အဓိကဖြည့်ဆည်းပေးနေသည့် လုပ်ငန်းများဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် အမျိုးသားစီးပွားရေးဘဝခိုင်မာတောင့်တင်းရေး၊ ပြည်သူများရဲ့စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားရေး မျှော်မှန်းချက်များနှင့်အညီ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးကို အမျိုးသားရေးဦးတည်ချက် တစ်ရပ်အဖြစ်ထားရှိပြီး ဆည်မြောင်း တာတမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများကို အဓိကဦးစားပေးလုပ်ငန်းများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် သဖန်းဆိပ်၊ ခပေါင်း၊ ရဲနွယ်စသည့် အကြီးစား ရေလှောင်တမံစီမံကိန်းကြီးများကိုသာမက မြစ်၊ ချောင်းနှင့် တောင်ကျချောင်း ပေါများရာဒေသများတွင် ဆည်နှင့် ရေလှောင်တမံ အလတ်စား၊ အငယ်စားများ စုဖွဲ့တည်ဆောက်ပေးမှုများ၊ မြစ်ကြီးများ ဝဲယာခြောက်သွေ့သည့် ရေရှားဒေသများတွင် မြစ်ရေတင်စီမံကိန်းများ၊ ရေကြီးရေလွှမ်းရာ ပင်လယ်ရေငန်ဒီရေဝင်ရာဒေသများတွင် ရေထိန်းတံခါးများ အကွက်ချတည်ဆောက်မှုများစသည့် ရေရရှိရေးအစီအမံများကို ဒေသလိုအပ်ချက်များ၊ အခြေအနေပေးမှုများနှင့် လိုက်လျောညီထွေစွာ စီမံဆောင်ရွက် ပေးနေခြင်းဖြစ်ကြောင်း။

အကျိုးဖြစ်ထွန်း

ခရမ်း၊ သုံးခွ၊ သန်လျင်မြို့နယ်များနှင့်ပတ်သက်ပြီးပြောရမည်ဆိုလျှင် မြောက်ဘက်ပိုင်းတွင် ပဲခူးတိုင်းအတွင်းရှိ ရေကြီးရေလွှမ်းကွင်းကြီးများဖြစ်သည့် ပြွန်တန်ဆာလွင်ပြင်၊ ပဲခူးလွင်ပြင်တို့နှင့် ဆက်စပ်နေသည့်အတွက် ယင်းဒေသများတွင် ဆောင်ရွက်ပေးခဲ့သည့် စိုက်ပျိုးရေရရှိရေး၊ ရေကြီးရေလွှမ်းမှု ကာကွယ်ရေးအစီအမံများသည် ခရမ်း၊ သုံးခွ၊ သန်လျင် ဒေသများအတွက်လည်း အကျိုးဖြစ်ထွန်းစေသည်ကို တွေ့ရမှာဖြစ်ကြောင်း။

ပဲခူးတိုင်းအတွင်းတွင် ရဲနွယ်၊ ဘိုင်းဒါး၊ ကောလိယချောင်းများပေါ်တွင် ဆည်များ တည်ဆောက်ပြီး တောင်ကျရေစီးဆင်းမှုကို ထိန်းသိမ်းသိုလှောင်မှု၊ လိုအပ်ချိန်တွင်ထုတ်လွှတ်ပေးမှုတို့အပြင် ဒေသအတွင်း ချောင်းကော မြောင်းကောများ တူးဖော်မှု၊ ကမ်းပတ်တာများ တည်ဆောက်ပေးမှုတို့သည် ပြွန်တန်ဆာလွင်ပြင်နှင့် တစ်ဆက်တည်းတွင် ပဲခူးလွင်ပြင်တို့၏ ရေကြီးရေလွှမ်းမှုကို ကာကွယ်ပေးနိုင်ခဲ့သည်ကို တွေ့ရမှာဖြစ်ကြောင်း။

ထို့အပြင် ပဲခူး-စစ်တောင်းတူးမြောင်းဝဲယာဒေသများနှင့် ပဂိုင်တာတောင်ပိုင်းဒေသများမှာရှိသည့် ရေကြီးရေလွှမ်းကွင်းများအတွက်လည်း ရှမ်းကိုင်း၊ ပိုင်ကျုံ၊ တာဝ၊ ရွှေလှေစသည့် ရေထိန်းတံခါးကြီးများကို အကွက်ချတည်ဆောက်ပေးခြင်းအားဖြင့် ရေကြီးရေလွှမ်းမှုကို ကောင်းစွာထိန်းသိမ်းနိုင်နေပြီဖြစ်ကြောင်း။

အလွန်ကြီးမားကျယ်ပြန့်

ယခုသန်လျင်မြို့နယ်တွင် ခရမ်းချောင်းကိုပိတ်ပြီး ရေထိန်းတံခါး တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည့်အတွက် ခရမ်း၊ သုံးခွနှင့် သန်လျင်မြို့နယ်အတွင်းရှိ ရေကြီးရေလွှမ်းကွင်းများကို ရာသီမရွေးစိုက်ပျိုးနိုင်သည့် အဖိုးတန်လယ်မြေများအဖြစ် ပြောင်းလဲဖန်တီးပေးနိုင်ခဲ့ပြီဖြစ်၍ ပဲခူးတိုင်းနှင့်တကွ ရန်ကုန်တိုင်းတောင်ပိုင်းဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် လယ်မြေများ တစ်ဆက်တစ်စပ်တည်း အလွန်ကြီးမားကျယ်ပြန့်စွာ ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ လက်တွေ့အကျိုးပွားများစေမည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဒေသလိုအပ်ချက်များနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် စနစ်တကျ ဖြန့်ကြက်စီမံအကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ပြီး မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများအားလုံး လူနေမှုဘဝ အဆင့်အတန်းညီညွတ် မျှတစွာ တိုးတက်မြင့်မားစေရမည် ဆိုသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနှင့် တိုင်းပြည်အကျိုးရှိရာ အကျိုးရှိကြောင်း၊ မိမိပြည်သူများ၏ တိုးတက်ရာ တိုးတက်ကြောင်း အမြဲမပြတ်ကြံဆတွေးတောပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်သူ့အကျိုးဆိုသည့် စေ့ဆော်မှု စေတနာတွန်းအားဖြင့် တစ်နေ့တစ်ရက်မျှ ရပ်တန့်နားနေခြင်းမရှိဘဲ အားသွန်ခွန်စိုက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို ပြည်သူများ အသိပင်ဖြစ်ကြောင်း။

အောင်မြင်ဖြစ်ထွန်း

ပြည်ပကူညီပံ့ပိုးမှုမပါဘဲ မိမိနိုင်ငံသူ၊ နိုင်ငံသားအတတ်ပညာရှင်၊ အသိပညာရှင်များ၏စွမ်းအား နိုင်ငံတော်အစိုးရဌာနဆိုင်ရာများ၏ အားပေးပံ့ပိုးကူညီမှုစွမ်းအား၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားများ ပေါင်းစည်းပြီး ပြည်တွင်းပြည်ပက နှောင့်ယှက်ဟန့်တားမှု အဖုံဖုံကို ရင်ဆိုင်ကျော်လွှားရင်း မိမိနိုင်ငံ မိမိလူမျိုး ကြီးပွားတိုးတက်အောင် ကိုယ့်အားကိုယ်ကိုးကြိုးပမ်းဆောင်ရွက် အောင်မြင်ဖြစ်ထွန်းနေသည်ကိုအားလုံး မျက်ဝါးထင်ထင် တွေ့မြင်နေရပြီလည်း ဖြစ်ကြောင်း။

ယင်းသို့ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်ပြီး နယ်စပ်အစွန်အဖျားဒေသများနှင့် ကျေးလက်ဒေသများပါမကျန် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ထူးထူးခြားခြားဖြစ်ထွန်းနေခြင်းသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စွမ်းအားများ ပေါင်းစည်းကြိုးပမ်းမှု၏အကျိုးရလဒ်ကောင်းများပင် ဖြစ်သောကြောင့် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ပင် ဖြစ်ကြောင်း။

ဆန့်ကျင်ချေမှုန်း

နိုင်ငံတော်အစိုးရက တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ချိန်တွင် ယင်းဂုဏ်ဒြပ်၊ ယင်းအခြေခံကောင်းများ ပျက်ပြားအောင် မလိုမုန်းထားသည့် စိတ်နှင့် အပြစ်မဲ့ပြည်သူလူထုကို စတေးပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေကြသည့် အဖျက်သမားများကိုလည်း ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ဆန့်ကျင်ချေမှုန်းသွားကြရန် လိုအပ်ကြောင်း။

လက်တစ်ဆုပ်စာ အဖျက်သမားများ၏ နောက်ကွယ်တွင် မည်မျှစွမ်းအားကြီးမားသည့် မြောက်ပင့်ပေးသူများရှိနေသည်ဖြစ်စေ ပြည်သူများက ပေါက်ဖွားလာသည့် အပြုသဘောစွမ်းအားစုနှင့် အဖျက်အုပ်စုတို့ ရင်ဆိုင်ကြုံတွေ့ကြရာတွင် အပြုသဘောစွမ်းအားစုက အနိုင်ရစမြဲဆိုသည်မှာလည်း လောကဓမ္မတာပင်ဖြစ်ကြောင်း။

သို့သော်လည်း ပြည်သူအများလိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် တည်ဆောက်ရာတွင် တစ်ဆင့်ချင်း တစ်ဆင့်ချင်း အောင်မြင်ဖြစ်ထွန်းလာသည်နှင့်အမျှ အဖျက်သမားအုပ်စုအဖို့ တစ်စထက်တစ်စ ကျဆုံးလာရမှာ ဖြစ်သောကြောင့် အဖျက်သမားများအနေနှင့် ပြည်ထောင်စုပြိုကွဲရေးလုပ်ငန်းများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ဖြိုခွဲရေးလုပ်ငန်းများနှင့် အကြမ်းဖက်လုပ်ရပ်များကို သွေးရူးသွေးတန်းဖြင့် ပိုမိုတိုးမြှင့်လုပ်ဆောင်လာသည့်အတွက်

စာမျက်နှာ ၄ ကော်လံ ၁

စာမျက်နှာ ၃ မှ

အဖျက်သမားများ၏ အန္တရာယ်ကို အမျိုးသားရေးအသိနှင့် စောင့်ကြည့်ချေမှုန်းသွားကြရမှာဖြစ်ကြောင်း။

ဆန့်ကျင်တိုက်ဖျက်

ထို့ကြောင့် ပြည်သူများအနေနှင့် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေသည့် တိုင်းကျိုးပြည်ပြု နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ဆက်လက်ပူးပေါင်းပါဝင်ရင်း အဖျက်သမားများ၏ အကြမ်းဖက်မှုများ၊ အဖျက်လုပ်ရပ်များ၊ သွေးခွဲသပ်လျှိုမှုများကို ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ဆန့်ကျင်တိုက်ဖျက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာပြီး ပြည်သူများ၏ စားဝတ်နေရေး၊ စီးပွားရေးပြည့်စုံဖူလုံစေရအောင်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝ တိုးတက်မြင့်မားစေရအောင် ဘက်စုံ၊ နယ်စုံ၊ အလွှာစုံ၊ နေရာစုံတွင် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်ပေးနေသည့် နိုင်ငံတော်အစိုးရ၏ စေတနာကိုသိမြင်ပြီး မိမိတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြေခံစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးကအစ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းအဝဝတွင် တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံနှင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့် ရေထိန်းတံခါးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူပြီးနောက် တည်ဆောက်ပြီးစီးခဲ့သည့် ၁၇၄ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ရန်ကုန်တိုင်းအနေဖြင့် ၁၆ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ကြောင်း။

ရေလွှမ်းခံရမှုသက်သာ

ယခင်က ခရမ်းချောင်းအတွင်းသို့ ရေငန်နုန်းများဝင်ရောက်ပြီး နုန်းပို့ချခြင်း၊ သီးနှံအောင်ရေအတွက် ရေချိုရရှိရန် ခက်ခဲခြင်းတို့ကြောင့် ပုဂံတောင်ကျေးရွာအနီးတွင် နှစ်စဉ်မြေသားတမံပိတ်ပြီး ရေချိုထိန်းသိမ်းခဲ့ရကြောင်း၊ တစ်ဖန်မိုးရာသီတွင် လယ်မြေများအတွင်းမှ ရေပိုရေလျှံများကို ခရမ်းချောင်းမှတစ်ဆင့်ထုတ်ပေးနိုင်ရန် ၎င်းမြေသားတမံကိုပင် ပြန်လည်၍ ဖွင့်ထုတ်ပေးခဲ့ရကြောင်း၊ ယခုအခါတွင် ခရမ်းရေထိန်းတံခါးကြီးကို အောင်မြင်စွာတည်ဆောက်ပြီးစီးခဲ့သည့်အတွက် ရန်ကုန်တိုင်းအတွင်းမှာရှိသည့် ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်နှင့် သန်လျင်မြို့နယ်များရှိ ရေကြီးရေလွှမ်းကွင်းများမှ မိုးရာသီ ရေပိုရေလျှံများကို မြစ်အတွင်း ဒီရေကျချိန်၌ ရေတံခါးမှတစ်ဆင့် ထုတ်ပေးနိုင်ခြင်းဖြင့် အချိန်စော၍ စိုက်ပျိုးလာနိုင်ခြင်း၊ မြစ်အတွင်းဒီရေတက်ချိန်တွင် မြစ်ရေများကုန်းတွင်းသို့ ဝင်ရောက်မှုမရှိစေရန် ရေတံခါးပိတ်ထားနိုင်စေခြင်းဖြင့် စိုက်ကွင်းများ ရေလွှမ်းခံရမှုသက်သာလျော့နည်းလာစေမှာဖြစ်ကြောင်း။

မိုးနှောင်းကာလတွင် ရေချိုများသိုလှောင်ထိန်းသိမ်းထားပြီး မိုးစပါးအောင်ရေပေးဝေကာ ဆောင်းသီးနှံများအတွက်လည်း အစိုဓာတ်ထိန်းသိမ်းပေးနိုင်မှာဖြစ်ကြောင်း၊ နွေရာသီမှာ ပင်လယ်ဆားငန်ရေနှင့် သဲနုန်းများဝင်ရောက်ခြင်းမှ ကာကွယ်ပေးခြင်းအားဖြင့် လယ်မြေများအငန်ဓာတ်ပေါက်ခြင်းနှင့် ချောင်းများတိမ်ကောမှုကို တားဆီးပေးနိုင်မှာဖြစ်ကြောင်း။

အဓိကအချက်

ရန်ကုန်တိုင်းတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံးစိမ်းလန်းစိုပြည်ရေးစီမံကိန်းကြီးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ဒုတိယနှစ်မြောက်ဖြစ်ကြောင်း၊ မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေးစီမံကိန်းမှာ ရန်ကုန်တိုင်းအတွင်း မြို့နယ်အားလုံးအကျုံးဝင်ပြီး ဧရိယာဧက ၁၃၈၂၆၂ ဧကပါရှိကြောင်း၊ ၎င်းဧရိယာများအနက် စိုက်ပျိုးနိုင်သော မြေဧရိယာ ၉၄၈၈၈ ဧကရှိကြောင်း၊ ယင်းသို့ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရန် အတွက် **"စိုက်ပျိုးရေရရှိရေး"**သည် အဓိကအချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လှည်းကူးမြို့နယ်တွင် ရှိပြီးသား ငမိုးရိပ် ရေလှောင်တမံကြီးအပြင် ပေါင်းလင်း နှင့် မဟူရာ စသည့် ငမိုးရိပ်ရေကူ ရေလှောင်တမံကြီးနှစ်ခုကိုလည်း တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အတက်အဆင်း လမ်းကြောင်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေးအထောက်အကူပြုနိုင်ရန်အတွက် လှည်းကူးမြို့နယ်တွင် ငမိုးရိပ် ရေထိန်းတံခါးကြီးကိုလည်း မကြာမီက ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင်၃၀ပတ်လည်၏ အရှေ့ဘက်ခြမ်းဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်များရှိ ရေရရှိရေးအတွက် မိုးယွန်းကြီးအင်းမှတစ်ဆင့် ခရမ်း၊ သုံးခွ၊ သန်လျင်မြို့နယ်များထိ ရေသွယ်မြောင်းကြီးများ တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းမြောင်းကြီးမှ ရေကိုသွယ်ယူသိုလှောင်နိုင်ရန်အတွက် ခရမ်းမြို့နယ် ရွှေလှေရေထိန်းတံခါးကိုလည်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် ခရမ်းချောင်း ရေထိန်းတံခါးကြီးသည် ရေတံခါးပေါက် ၄၀ ပါဝင်ပြီး နိုင်ငံအတွင်းတွင် အကြီးဆုံးရေတံခါးကြီးများစာရင်းမှာ ပါဝင်သည့် ရေတံခါးကြီးဖြစ်ကြောင်း၊ ယင်းရေတံခါးကြီးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေးစီမံကိန်း စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ခုပြီးမြောက်အောင်မြင်သွားခြင်းဖြစ်ကြောင်း။

စိုက်ပျိုးရေပေးဝေ

တစ်ဖန် သန်လျင်မြို့နယ်ရှိ စိုက်ကွင်းများအတွက် လိုအပ်သောရေကို ပဲခူး–စစ်တောင်းတူးမြောင်းမှ ဖြည့်ဆည်းပေးသည့် ရေချိုများကို ဤခရမ်းရေထိန်းတံခါးဖြင့် ထိန်းသိမ်းထားပြီး ပုဂံတောင်ကျေးရွာရှိ ပုဂံတောင် ရေတံခါးမှတစ်ဆင့် ဘောချောင်းအတွင်းသို့ ရေသွင်းပြီး လယ်မြေဧက ၅၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း။

ယခုကဲ့သို့ မိုးနှောင်းရာသီတွင် အောင်ရေသေချာမှုရှိရေး၊ နွေရာသီသီးနှံများစိုက်ပျိုးရေးတို့အတွက် ခရမ်းရေထိန်းတံခါးကို တည်ဆောက်ပေးခြင်းသည် သက်ဆိုင်ရာဒေသများတွင် များစွာ အကျိုးရှိသည့်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးနှင့် တာဝန်ရှိသူများအား ဒေသခံပြည်သူလူထုနှင့် တောင်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း။

လေးစားလိုက်နာ

ယခုကဲ့သို့ နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံပြီး မိမိတို့လက်ဝယ် ရောက်ရှိလာသည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများကို ရေရှည်သားစဉ်မြေးဆက် ဆက်လက်အကျိုးခံစားနိုင်အောင် မိမိတို့၏ ကိုယ်ပိုင်ဥစ္စာသဖွယ် ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်းနှင့် သတ်မှတ်ထားသည့် ဆည်မြောင်းတာတမံဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာကြရန် အထူးလိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်လိုက်သည့် ခရမ်းရေထိန်းတံခါးကြီးသည် ရန်ကုန်တိုင်း ခရမ်း၊ သုံးခွ၊ သန်လျင်မြို့နယ်များ၏ လယ်ယာစိုက်ပျိုး ထုတ်လုပ်မှုကို တိုးတက်အောင် အကျိုးပြုလာနိုင်တော့မှာ ဖြစ်သည့်အတွက် ဒေသခံတောင်သူလယ်သမား ပြည်သူများနည်းတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေနှင့်လည်း ဝမ်းမြောက်ပီတိဖြစ်မိပါကြောင်း ပဏာမပြောကြားလိုပါကြောင်း။

နိုင်ငံတော်အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ဦးဆောင်မှုနှင့် တစ်နိုင်ငံလုံး ဟန်ချက်ညီ မျှတစွာ ဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံကဏ္ဍစုံ ကြိုးပမ်းအကောင်အထည်ဖော်ကြရာတွင် ယနေ့ဖွင့်လှစ်နိုင်ပြီဖြစ်သည့် ခရမ်းရေထိန်းတံခါးကြီးသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း။

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်

မိမိတို့နိုင်ငံသည် စိုက်ပျိုးနိုင်သည့် ရေမြေသယံဇာတ ရာသီဥတုများနှင့် ပြည့်စုံသည့်နိုင်ငံ ဖြစ်ပါကြောင်း၊ ကျေးလက်နေပြည်သူ အများစုသည်လည်း စိုက်ပျိုးရေးလုပ်ငန်းများမှာ ရင်းနှီးကျွမ်းဝင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ကြသူများ ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေး တိုးတက်မြင့်မားစေရေးအတွက် အခြေခံကျသည့်လုပ်ငန်းကြီးဖြစ်တာကြောင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် စီမံဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ကြည့်မည်ဆိုလျှင်တစ်ပြည်လုံးထုတ်လုပ်မှုတန်ဖိုးမှာ အချိုးအစားအားဖြင့် ၄၂ဒသမ၆ ရာခိုင်နှုန်းပါဝင်လျက်ရှိပါကြောင်း။

အားပေးဆောင်ရွက်

နိုင်ငံတော်အတွက် အဓိကကျသည့်သီးနှံ ၁၀မျိုးကို ပန်းတိုင်အထွက်နှုန်းများသတ်မှတ်ပြီး တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ဆန်စပါးသီးနှံတစ်ဧက တင်း၁၀၀၊ အစေ့ထုတ်ပြောင်းတစ်ဧက တင်း၈၀၊ မြေပဲတစ်ဧက တင်း၅၀၊ နှမ်းတစ်ဧက တင်း၂၀၊ နေကြာတစ်ဧက တင်း၅၀၊ မတ်ပဲတစ်ဧက တင်း၂၀၊ ပဲတီစိမ်းတစ်ဧက တင်း ၂၀၊ ပဲစင်းငုံတစ်ဧက၂၅တင်း၊ ကြံတစ်ဧကတန်၃၀နှင့် ချည်မျှင်ရှည်ဝါတစ်ဧက ပိဿာ၄၀၀ ထွက်ရှိအောင် စနစ်တကျစီမံ အားပေးကူညီ ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ဧကတိုးတက်ရေး၊ အမယ်သစ်သီးနှံများဖြစ်သည့် ငရုတ်ကောင်း၊ကော်ဖီ၊ လက်ဖက်စသည့်သီးနှံများ၊ နှစ်ရှည်သီးနှံဖြစ်သည့်ရော်ဘာတိုးချဲ့စိုက်ပျိုးရေးနှင့် နိုင်ငံခြားငွေရနိုင်သည့်သရက်၊ လိမ္မော်၊ ဒူးရင်းစသည့် ဥယျာဉ်သီးနှံများတိုးတက်ထုတ်လုပ်နိုင်ရေးကိုလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ယင်းသို့ ဆောင်ရွက်ပေးနေရာတွင်မြေကြီးမြေပုံမှန်ကန်ရေး၊ရေမြေသဘာဝကိုပြုပြင်ပြီး စိုက်ပျိုးဖြစ်ထွန်းနိုင်သည့်လယ်ယာမြေများ၊ ကုန်းမြင့်လယ်ယာမြေများတိုးချဲ့ဖော်ထုတ်ရေး၊ ရာသီမရွေးစိုက်ပျိုးရေ ရရှိပြီးသီးနှံစိုက်စွမ်းအားမြှင့်တင်နိုင်ရအောင် ဆည်တမံ၊ မြစ်ရေတင်စီမံကိန်းများနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများကို တည်ဆောက် လုပ်ကိုင်ပေးလျက်ရှိကြောင်း၊ တစ်ဖက်မှာအထွက်နှုန်းကောင်းပြီး အရည်အသွေးမြင့်မားသည့် သီးနှံမျိုးများခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ ခေတ်မီစိုက်ပျိုးရေးစက်ကိရိယာများ အသုံးပြုစေနိုင်မည့် အားပေးကူညီမှုများကို ဒေသလိုအပ်ချက်များနှင့်အညီ လက်တွေ့ကျကျ ဖြည့်ဆည်းပေးနေသည်ကိုလည်း တွေ့ကြရမှာဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေးအတွက် အဓိကကျသည့် သီးနှံမျိုးကောင်းမျိုးသစ်များ သုတေသနပြုဖော်ထုတ်ဖြန့်ဖြူးပေးနေသကဲ့သို့ တောင်သူပညာပေးလုပ်ငန်းများ၊ ပိုးမွှားရောဂါ ကာကွယ်ရေးလုပ်ငန်းများ၊ တောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်လျော့ပါးစေရေး၊ လေလွင့်ဆုံးရှုံးမှုနည်းပါးစေရေးအတွက်လည်း ကူညီအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရေထိန်းတံခါးစီမံကိန်းများ

အထူးသဖြင့် စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းရေးတွင် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေနှင့်ပတ်သက်ပြီး စိုက်ပျိုးရေမလုံလောက်သည့် နေရာများတွင် ဆည်မြောင်းတာတမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ၊မြေအောက်ရေစီမံကိန်းများကို တစ်နိုင်ငံလုံး အစုအဖွဲ့အလိုက်ဖြစ်ပေါ်လာရအောင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ရေလွှမ်းမိုးတတ်သည့်ရေနက်ကွင်းဒေသ၊ ရေငန်ဝင်ရောက်တတ်သည့် ရေမြုပ်ဒေသများမှာလည်း ရေဝင်ရေထွက်ကို လိုအပ်ချက်နှင့်အညီ ထိန်းချုပ်ပေးနိုင်သည့် ရေထိန်းတံခါးစီမံကိန်းများကို ဒေသလိုအပ်ချက်များနှင့် လိုက်လျောညီထွေ တည်ဆောက်ပေးလျက်ရှိပါကြောင်း။

ယခုဖွင့်လှစ်လိုက်သည့် ခရမ်းရေထိန်းတံခါးကြီးသည် နိုင်ငံတော်က တောင်သူများအကျိုးစီးပွားအတွက် ဆောင်ရွက်ပေးမှုများထဲက တစ်ခုဖြစ်ကြောင်း၊ခရမ်းရေထိန်းတံခါးစီမံကိန်းကြီးအနေနှင့် နိုင်ငံတော်အစိုးရ၏ လယ်ယာမြေဖွံ့ဖြိုးတိုးတက်မှုအတွက် ၁၇၄ခုမြောက်စီမံကိန်းဖြစ်ပြီး ရန်ကုန်တိုင်းအနေနှင့် ကြည့်လျှင် ၁၆ခုမြောက် လယ်ယာမြေဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစီမံကိန်းအဖြစ် ပေါ်ထွန်းလာပြီဖြစ်ကြောင်း၊ယခင်တည်ဆောက်ပေးခဲ့သည့် တောင်လုံးမြောင်၊ ဘန့်ဘွေးကုန်း၊ တဘူးလှ၊ ငမိုးရိပ်၊ ဇာမဏီအင်း၊ လဂွန်းပြင်၊ ကလီထော်၊ မဟူရာ၊ ပေါင်းလင်း ရေလှောင်တမံစီမံကိန်းများနှင့် ဇီးဖြူကုန်း၊ကွမ်းခြံကုန်း၊မိုးမခ၊ငမိုးရိပ်ရေထိန်းတံခါးကြီးများနှင့်အတူ နယ်မြေခံတောင်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်အထောက်အကူပြုလာနိုင်ပြီ ဖြစ်ကြောင်း။

အထောက်အကူပြု

ဤရေထိန်းတံခါးကြီး တည်ဆောက်ပြီးစီးသွားသောကြောင့် ဤဒေသတွင် မိုးကာလ များပြားသည့် မိုးရွာသွန်းမှု၊ပင်လယ်ဒီရေမြင့်တက်လာမှုများကြောင့် လယ်မြေတွေ ရေလျှံရေလွှမ်းမိုးမှုဖြစ်ပေါ်နေခြင်းကို ကာကွယ်ပေးနိုင်မှာ ဖြစ်ကြောင်း၊မြစ်ရေကျချိန် ကုန်းတွင်းက ရေပိုရေလျှံများကို ရေထုတ်မြောင်းများကတစ်ဆင့် ရေထုတ်ပေးနိုင်မှာဖြစ်ပြီး၊ နွေရာသီ ပင်လယ် ဆားငန်ရေနှင့် သဲနုန်းများ ဝင်ရောက်ခြင်းကိုလည်း ကာကွယ်ပေးနိုင်မှာဖြစ်ကြောင်း၊ ထို့အပြင် မိုးနှောင်းကာလ ရေချိုများထိန်းသိမ်းပြီး၊ မိုးစပါးအောင်ရေပေးဝေနိုင်ခြင်း၊ ဆောင်းသီးနှံအစိုဓာတ် ထိန်းသိမ်းပေးနိုင်ခြင်းနှင့်အတူ နွေရာသီတွင် ရေထိန်းတံခါးကို ပိတ်ပြီး ပဲခူး–စစ်တောင်းတူးမြောင်းက ဖြည့်တင်းရေများနှင့် နွေစပါးများ စိုက်ပျိုးရေပေးပြီးတိုးတက်စိုက်ပျိုးနိုင်ခြင်း စသည့်အကျိုးများ ရရှိခံစားရမှာ ဖြစ်ကြောင်း။ *စာမျက်နှာ ၆ ကော်လံ ၁*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ဒေသခံပြည်သူများနှင့်အတူ ခရမ်းရေထိန်းတံခါးဖွင့်ပွဲ မုခ်ဦးရှေ့တွင် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင်၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ခရမ်းရေထိန်းတံခါး



ရေတံခါးပေါက် ၄၀ ပါဝင်ပြီး နိုင်ငံအတွင်း၌ အကြီးဆုံး ရေတံခါးကြီးများစာရင်းတွင် ပါဝင်သော ရန်ကုန်တိုင်း ခရမ်း၊သုံးခွနှင့် သန်လျင်မြို့နယ်များ၏ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင် အကျိုးပြုလာနိုင်မည့် သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီး ခရမ်းရေထိန်း တံခါးရှိ ရေယာဉ်ဝင်/ထွက်တံခါးကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ချောင်းဝရွာဟောင်းအနီးရှိ ခရမ်းရေထိန်းတံခါး

မိုးကာလများပြားသည့် မိုးရွာသွန်းမှုနှင့် ပင်လယ်ဒီရေမြင့်တက်လာမှုများကြောင့် လယ်မြေများ ရေလျှံ ရေလွှမ်းမိုးမှုဖြစ်ပေါ်နေခြင်းကို ကာကွယ်ပေးနိုင်မည့်အပြင် ပဲခူး-စစ်တောင်းတူးမြောင်းက ဖြည့်တင်းရေများဖြင့် နွေစပါးများ တိုးတက်စိုက်ပျိုးနိုင်ပြီး လယ်မြေဧက ၃၀၀၀၀ ၏ သီးနှံစိုက်ဧရိယာစွမ်းအားကို အထောက်အကူပြုသွားမည်ဖြစ်သော သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီးရှိ ခရမ်းရေထိန်းတံခါး၏ ရေဝင်ရောက်မှုကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

လယ်မြေများ တစ်ဆက်တစ်စပ်တည်းပေါ်ထွန်းလာ

သန်လျင်မြို့နယ်တွင် ခရမ်းချောင်းကိုပိတ်ပြီး ရေထိန်းတံခါး တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည့်အတွက် ခရမ်း၊ သုံးခွနှင့် သန်လျင်မြို့နယ်အတွင်းရှိ ရေကြီးရေလွှမ်းကွင်းများကို ရာသီမရွေး စိုက်ပျိုးနိုင်သည့် အဖိုးတန် လယ်မြေများအဖြစ် ပြောင်းလဲဖန်တီးပေးနိုင်ပြီး ပဲခူးတိုင်းအပါအဝင် ရန်ကုန်တိုင်း တောင်ပိုင်းဒေသများ၌ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် လယ်မြေများ တစ်ဆက်တစ်စပ်တည်း အလွန် ကြီးမားကျယ်ပြန့်စွာ ပေါ်ထွန်းလာ။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံကိန်း စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ခု ပြီးမြောက် အောင်မြင်သွားမည့် ရန်ကုန်တိုင်း သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီးရှိ ခရမ်းချောင်းကိုပိတ်၍ တည်ဆောက်ထားသော ခရမ်းရေထိန်းတံခါး၏ ရေယာဉ် ဝင်/ထွက်တံခါးမှ ရေစီးဆင်းမှုကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ပြည်ပြေးစဝ်ခမ်ဖဟာ နယ်ချဲ့လက်သစ်ရဲ့ ခိုင်းတာလုပ်၊ ကျွေးတာစားဘဝနဲ့ရပ်တည် နယ်ချဲ့အလိုကျ ပြည်ထောင်စုကြီး အစိတ်စိတ်အမြွာမြွာခွဲပြီး ကျွန်ဇာတ်ပြန်သွင်းလို ပုဆိန်ရိုးစဝ်ခမ်ဖအုပ်စုကို ဒေသခံလူထုတစ်ရပ်လုံးက ပြင်းပြင်းထန်ထန်ရှုတ်ချ

ရန်ကုန် မေ ၁၂

ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၂ရက် နံနက် ၇နာရီ ၁၀မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက်မှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းခမ်းတစ်က "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ကျိုင်းတုံမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို အောက်ပါအတိုင်း ထောက်ခံတင်ပြသွားသည်။

လေးစားအပ်ပါသော သဘာပတိကြီးရှင့်–

ကျွန်မကတော့ ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက်မှာနေထိုင်တဲ့ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းခမ်းတစ် ဖြစ်ပါတယ်။ အဆိုရှင် ရှမ်းတိုင်းရင်းသား ဦးစိုင်းရှဲန်ခမ်း တင်သွင်းသွားတဲ့ "ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့ရဲ့ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ကျိုင်းတုံမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကိုထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးရှင့်–

ကျွန်မတို့မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ တိုင်းရင်းသားမျိုးနွယ်အများအပြားတို့က ညီရင်းအစ်ကို မောင်ရင်းနှမပမာ ရင်းနှီးချစ်ကြည်စွာ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် လက်တွဲနေထိုင်ကြတဲ့ ပြည်ထောင်စုအိမ်ဂေဟာကြီးဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပန်းမျိုးစုံအရောင်အသွေး အဆင်းရနံ့စုံစွာနဲ့ ပွင့်လန်းလှပနေတဲ့ ဥယျာဉ်ကြီးတစ်ခုနဲ့လဲ အသွင်သဏ္ဌာန်တူပါတယ်။ ဒီလိုနေထိုင်လာကြတာဟာ ဟိုးပဝေသဏီခေတ်ကာလအဆက်ဆက်ကတည်းကတိုင် ယနေ့အထိဖြစ်ပါတယ်။

ပြည်ပကျူးကျော်မှုတွေရှိလာတိုင်း တိုင်းရင်းသားသွေးချင်းတွေဟာ အရေးကြီးရင် သွေးစည်းဆိုတဲ့ စကားအတိုင်း လက်တွဲတွန်းလှန်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း ကျွန်မတို့တိုင်းပြည် ကျွန်ဘဝက လွတ်မြောက်ပြီး လွတ်လပ်ရေးရရှိခဲ့တာဟာ သွေးရင်းညီအစ်ကိုများတို့ရဲ့ စည်းလုံးညီညွတ်မှုကို ပြသတဲ့ ပြယုဂ်တစ်ခု ဖြစ်ခဲ့ပါတယ်။

သဘာပတိကြီးရှင့်–

ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါလူတစ်စုတို့ရဲ့ ရှမ်းပြည်နယ် ခွဲထွက်ဖို့ ကြေညာခဲ့တာကို သေသေချာချာ သုံးသပ်လေ့လာကြည့်မယ်ဆိုရင် နောက်ကွယ်ကနေကြိုးကိုင်နေတဲ့ နယ်ချဲ့ဘီလူးရဲ့ရုပ်တွေကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်ပြေးစဝ်ခမ်ဖဟာ နယ်ချဲ့လက်သစ်ရဲ့ခိုင်းတာလုပ်၊ ကျွေးတာစားဘဝနဲ့ရပ်တည်နေတာကိုလဲ သိမြင်လာကြမှာဖြစ်ပါတယ်။ **နယ်ချဲ့လက်သစ်တွေရဲ့အလိုကျ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အစိတ်စိတ်အမြွာမြွာကွဲအောင်ခွဲပြီး ကျွန်ဇာတ်ပြန်သွင်းလိုတာကြောင့် ဒီပွဲမှာ ဒီငနဲကိုအသုံးပြုခဲ့တာဖြစ်ပါတယ်။ ဒါကို သွေးနာထင်တက်ပြီး အာဏာရူးက သူ့ကိုယ်သူ သမ္မတလို့ပြောလိုပြော၊ အစိုးရအဖွဲ့ဖွဲ့လိုဖွဲ့နဲ့ အရှက်မဲ့စွာ အင်တာနက်စာမျက်နှာပေါ်မှာတောင်တက်ပြီး သူ့အရုပ်ပြခဲ့ပါတယ်။**



ကျိုင်းတုံမြို့ အမှတ် (၅) ရပ်ကွက်မှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းခမ်းတစ်က "ပြည်ပြေးစဝ်ခမ်ဖ နှင့် အပေါင်းပါ တစ်စုတို့၏ ရှမ်းပြည်နယ် ခွဲ ထွက် ရန် ကြေညာခြင်းအား ကျိုင်းတုံမြို့နယ်မှ တိုင်း ရင်း သား ပြည် သူ များ က လုံး ဝ လက် မ ခံ၊ ဆန့်ကျင် ရှုတ်ချ ကြောင်း" အဆိုကို ထောက်ခံ တင်ပြစဉ်။ (သတင်းစဉ်)

သဘာပတိကြီးရှင့်–

ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုဟာ ပြောတော့စင်ပြိုင်အစိုးရလုပ်တော့သူခိုးဓားပြဆိုသလို ရှမ်းပြည်နယ်အတွင်းက မြို့နယ် ၄၈မြို့နယ်ရဲ့ထောက်ခံချက်ရရှိထားပြီလို့ မလိမ့်တပတ်နဲ့ လိမ်ဆင်လုပ်ခဲ့ပါသေးတယ်။ ဒါ့ကြောင့်လဲ သီပေါ၊ လဲချား၊ မိုင်းနောင်စတဲ့မြို့နယ်တွေမှာ ဒေသခံပြည်သူလူထုကြီးတစ်ရပ်လုံးက အခုလို လူထုအစည်းအဝေးကြီးတွေကျင်းပပြီး ပုဆိန်ရိုးစဝ်ခမ်ဖအုပ်စုကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချခဲ့တဲ့သတင်းတွေကြားသိခဲ့ရပြီဖြစ်လို့ လူထုတစ်ရပ်လုံးက လက်သင့်မခံဘူးဆိုတာ ပေါ်လွင်နေပါပြီ။

သဘာပတိကြီးရှင့်–

ပြည်ထောင်စုစစ်စစ်ဆိုတဲ့စကားကို အရေခြုံပြီး တစ်ချိန်ချိန်မှာ ပြည်ထောင်စုကခွဲထွက်ဖို့၊ သီးခြားနိုင်ငံထူထောင်ဖို့ရည်ရွယ်တားတာတွေကိုသိမြင်လာကြတာကြောင့် ပြည်ပြေးစဝ်ခမ်ဖဦးဆောင်တဲ့ အဲဒီအုပ်စုကို အစိုးရက မတရားအသင်းအဖြစ် ကြေညာခဲ့တယ်။ ဒါတင်ဘယ်ကပါ့မလဲ၊ တည်ဆဲနိုင်ငံရေးပါတီတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ ငြိမ်းချမ်းရေးရယူထားတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေအားလုံးကလဲ စဝ်ခမ်ဖရဲ့ ရှမ်းပြည်နယ်ခွဲထွက်ရေးကို တရားဝင်ကန့်ကွက်ထားကြပြီး ဖြစ်ပါတယ်။

ဒီလိုမလောက်လေးမလောက်စား ပြည်ပြေးတစ်စုရဲ့ လေထဲကစကားဟာ ကျွန်မတို့ပြည်သူတွေကို နားခါးစေခဲ့သလို ကျွန်မတို့ရဲ့မျိုးချစ်စိတ်ဓာတ်နဲ့ ပြည်ထောင်စုကို ချစ်မြတ်နိုးစေတဲ့စိတ်ဓာတ် ပိုမိုနိုးကြားတက်ကြွလာခဲ့စေပါတယ်ရှင့်။

> **မလောက်လေး မလောက်စား ပြည်ပြေးတစ်စုရဲ့ လေထဲကစကားဟာ ကျွန်မတို့ပြည်သူတွေကို နားခါးစေခဲ့သလို ကျွန်မတို့ရဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ ပြည်ထောင်စုကို ချစ်မြတ်နိုးစေတဲ့စိတ်ဓာတ် ပိုမိုနိုးကြားတက်ကြွလာခဲ့စေပါတယ်။**

ဒါ့ကြောင့် ဒီနေ့လူထုအစည်းအဝေးပွဲကြီးမှာ အဆိုရှင် ဦးစိုင်းရှဲန်ခမ်းတင်သွင်းတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုတို့ရဲ့ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ကျိုင်းတုံမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို ပြတ်ပြတ်သားသားထောက်ခံလိုက်ပါတယ်ရှင့်။ ။

မြန်မာ့ရုပ်မြင်သံကြား

၁၃–၅–၂၀၀၅
(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈း၀၀ ၆။ အကပြိုင်ပွဲ
- ၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၈း၂၀ ၈။ ကျောက်တစ်လုံး ရေကူရေလှောင်တမံ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ English for Everyday Use
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၁၇း၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇း၄၀ ၈။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
- ၁၇း၅၀ ၉။ တေးဂီတအစီအစဉ်
- ၁၈း၀၀ ၁၀။ **"ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်"** လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ် (ဒါရိုက်တာ–စိုးကျော်ဆန်း)
- ၁၈း၁၀ ၁၁။ Discovery
- ၁၈း၁၅ ၁၂။ သက်တံရောင်သံစဉ်
- ၁၈း၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း–၃၀)
- ၁၉း၃၅ ၁၆။ နှောင်းခေတ်တေးပဒေသာ
- ၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာရုပ်ရှင် **"အတွေ့"** (အပိုင်း–၂) ကျော်သူ၊ မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ပန်းဖြူ (ဒါရိုက်တာ–ကျော်ဇောလင်း)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

စာမျက်နှာ ၄မှ

ထို့ကြောင့် ရေကျပြီး အချိန်စောစိုက်ပျိုးမှုနှင့်အတူ လယ်မြေဧက ၃၀၀၀၀၏သီးနှံစိုက်စွမ်းအားတိုးတက်လာရေးအတွက် အထောက်အကူပြုသွားမှာ ဖြစ်ကြောင်း။

ခရမ်းရေထိန်းတံခါးကြီးသည် ဒေသခံတောင်သူများအတွက် လက်ရှိကာလအကျိုးစီးပွားအတွက် အရေးပါရုံသာမက သားစဉ်မြေးဆက်အကျိုးကျေးဇူးဖြစ်ထွန်းစေသည့် အမွေကောင်းတစ်ခုလည်း ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ဒေသခံတောင်သူများအပေါ် စိတ်ကောင်းစေတနာမှန်နှင့် လက်တွေ့ကျသည့် လမ်းညွှန်စီမံဆောင်ရွက်မှုများ၏ ရလဒ်တစ်ခုလည်းဖြစ်ကြောင်း၊ ဤရေထိန်းတံခါးကြီးကို သားစဉ်မြေးဆက် ရေရှည်အကျိုးရှိရှိ အသုံးချသွားနိုင်အောင် ဝိုင်းဝန်းစောင့်ရှောက်သွားကြဖို့မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဒေသခံပြည်သူများကိုယ်စား သန်လျင်မြို့နယ်မှ ဦးကျော်မင်းက ခရမ်းရေထိန်းတံခါးကို တည်ဆောက်ပေးသည့်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခရမ်းရေထိန်းတံခါး ကမ္ဗည်းကျောက်စာတိုင်ရှေ့၌ နေရာယူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ခရမ်းရေထိန်းတံခါး ကမ္ဗည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကမ္ဗည်းကျောက်စာတိုင်ကို အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးတို့က ခရမ်းရေထိန်းတံခါးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခရမ်းရေထိန်းတံခါးမှခ်ဦးရှေ့၌ စီမံကိန်းမှတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခရမ်းရေထိန်းတံခါးကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

သောက်သုံးရေရရှိ

ယင်းခရမ်းရေထိန်းတံခါးကို ရန်ကုန်တိုင်း ခရမ်း၊ သုံးခွနှင့်သန်လျင်မြို့နယ်များရှိ ရေကြီး၊ ရေလွှမ်းကွင်းများတွင် မိုးရာသီရေထုတ်နိုင်ရန်နှင့် ပဲခူးမြစ်ရေမဝင်ရောက်နိုင်စေရန်လည်းကောင်း၊ မိုးနှောင်းကာလတွင် ရေချိုများသိုလှောင်ထိန်းသိမ်းထားပြီး မိုးစပါးအောင်ရေပေးဝေနိုင်စေရန်၊ဆောင်းသီးနှံများအစိုဓာတ်ထိန်းသိမ်းပေးနိုင်ရန်နှင့် ခရမ်းချောင်းတစ်လျှောက်နေ ဒေသခံပြည်သူများ သောက်သုံးရေရရှိနိုင်စေရန်လည်းကောင်း၊ နွေရာသီတွင် ပင်လယ်ဆားငန်ရေ၊ သဲနုန်းများ မဝင်ရောက်စေရန်နှင့် နွေစပါးရေပေးဝေနိုင်ရန်လည်းကောင်း တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အကျိုးပြု

အဆိုပါခရမ်းရေထိန်းတံခါးသည် ရန်ကုန်တိုင်း ရန်ကုန်(တောင်ပိုင်း) ခရိုင် သန်လျင်မြို့နယ်ချောင်းဝရွာဟောင်းအနီးရှိ ခရမ်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး ရေခေါ်မြောင်းမ အလျား ပေ ၄၀၀၀၊ ရေထုတ်မြောင်း အလျား ပေ ၂၅၀၀နှင့် ကွန်ကရစ်ရေတံခါးအကျယ် ၆ ပေ X ၁၆ ပေ အကျယ်ရှိ ရေတံခါး ပေါက်၄၀ တပ်ဆင်ထားပြီး အကျိုးပြုဧရိယာမှာ ဧက ၃၀၀၀၀ဖြစ်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှမြင့်တို့က ရန်ကုန်မြို့တော် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးဆိုင်ရာ ရေရရှိရေးစီမံချက် (အရှေ့ခြမ်း)နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ပြည်သူလူထုအကျိုးစီးပွားပျက်စီးအောင်လုပ်နေသူတွေဟာ အဖျက်သမားများဖြစ် ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ပန်ဆင်ပြီး ဘယ်အဖျက်သမားကိုမှ မထောက်ခံ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဒေသခံများ လုံးဝလက်မခံ ရှုတ်ချ

ရန်ကုန် မေ ၁၂

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၂ ရက် နံနက် ၇ နာရီ ၁၀ မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ကျင်းပရာ ကျိုင်းတုံမြို့နယ် လွယ်မွေကျေးရွာမှ လားဟူတိုင်းရင်းသား ဦးအဲဖရက်က "ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ကျိုင်းတုံမြို့နယ်မှ တိုင်းရင်းသား ပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို အောက်ပါအတိုင်း ထောက်ခံတင်ပြသွားသည်။

လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျား–

ကျွန်တော်ကတော့ ကျိုင်းတုံမြို့ လွယ်မွေကျေးရွာမှာနေထိုင်တဲ့ လားဟူ တိုင်းရင်းသား ဦးအဲဖရက် ဖြစ်ပါတယ်။ အဆိုရှင် ဦးစိုင်းရှဲန်ခမ်းတင်သွင်း သွားတဲ့ ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဒေသခံတိုင်းရင်းသားပြည်သူများက ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ဆက်လက်ထောက်ခံသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသဟာဆိုရင် ယခင်တစ်ချိန်က ဖွံ့ဖြိုးမှု အလွန်နောက်ကျခဲ့ရပါတယ်။ ထို့အတူပဲ လူနေမှုဘဝဟာလဲ နိမ့်ကျခဲ့ရပါတယ်။ ဒါဟာ ဘာကြောင့်လဲလို့ အရင်းစစ်တော့ အမြစ်မြေကဆိုသလို ပြည်တွင်းသောင်းကျန်းမှုတွေကြောင့် ဒေသအတွင်း တည်ငြိမ်မှုမရှိခဲ့လို့ ဖြစ်ပါတယ်။ ဒေသအတွင်းမှာ မတည်ငြိမ်ရင် ဒေသဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာတွေ၊ ပညာရည်မြင့်မားဖို့ဆိုတာတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ဘယ်လိုမှ အကောင်အထည်ဖော်နိုင်မှာ မဟုတ်ပါဘူး။ နယ်ချဲ့အင်္ဂလိပ်တွေဟာ ကျွန်တော်တို့ တိုင်းပြည်ကို နှစ်ပေါင်း ၁၀၀ ကျော် အုပ်ချုပ်ခဲ့ပြီး ကျွန်တော်တို့ ဘိုးဘွားတွေ ကျွန်ဘဝနဲ့နေထိုင်ခဲ့ကြရပါတယ်။ ဒါကို ပြည်ထောင်စုဖွား တိုင်းရင်းသားတွေရဲ့ သွေးစည်းညီညွတ်မှုနဲ့ ရှုပ်ရှုပ်ချွံချွံတိုက်ထုတ်ခဲ့တာကြောင့် နယ်ချဲ့တွေဟာ ၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေးပေးခဲ့ရပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက် ခေတ်အဆက်ဆက် မကြုံဖူးတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို အခု နိုင်ငံတော်အစိုးရက တည်ဆောက်ပေးခဲ့တာကြောင့် အိပ်မက်ပမာ တွေ့မြင်ခံစားနေရပြီ ဖြစ်ပါတယ်။

လွတ်လပ်ရေးမပေးခင်မှာ ကိုလိုနီနယ်ချဲ့တွေဟာ တိုင်းရင်းသားညီအစ်ကို အချင်းချင်း သွေးခွဲသပ်လျှိုခဲ့တာကြောင့် တစ်ကြောင်း၊ တောင်တန်းနဲ့ ပြည်မဆိုပြီး ခွဲခြားတဲ့လုပ်ရပ်တွေ လုပ်ခဲ့တာကြောင့် တစ်ကြောင်း၊ တိုင်းရင်းသား အချင်းချင်း စည်းလုံးမှုပျက်ပြား သွေးကွဲကြပြီး တိုက်ခိုက်ခဲ့ကြရပါတယ်။

ကျိုင်းတုံမြို့နယ် လွယ်မွေကျေးရွာမှ လားဟူ တိုင်းရင်းသား ဦးအဲဖရက်က ပြည်ပြေး စဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ကျိုင်းတုံမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ထောက်ခံတင်ပြစဉ်။ (သတင်းစဉ်)

ဒီလို အချင်းချင်းကျဉ်းမြောင်းတဲ့ လူမျိုးရေးဝါဒတွေနဲ့ တိုက်ခိုက်နေကြရလို့ပဲ ကျွန်တော်တို့တိုင်းပြည် ကျွန်တော်တို့ဒေသဟာ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့ရတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီဒေသမှာ အမြစ်တွယ် ကျန်ရစ်နေတဲ့ SURA,SSA စတဲ့ သောင်းကျန်းသူတွေရဲ့ နှောင့်ယှက်ဖျက်ဆီးမှုတွေကြောင့် ဒေသခံတွေ ငြိမ်းငြိမ်းချမ်းချမ်းမနေခဲ့ရတဲ့အပြင် ဆက်ကြေးနဲ့ ရိက္ခာတွေ ပေးအပ်ရသလို သားမွေးရင်တောင် သောင်းကျန်းသူ လူသစ်အဖြစ် ခေါ်ယူခြင်း ခံနေရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ဒေသအတွင်း အကြွင်းအကျန်အဖြစ် နယ်စပ်လိုနေရာမှာ နိုင်ငံရေးအကြောင်းပြပြီး ဘိန်းနဲ့ မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်းနဲ့ စီးပွားရှာနေတဲ့ SURA,SSA စတဲ့ သောင်းကျန်းသူတွေဟာ မြို့ရွာ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ခြိမ်းခြောက်ဖျက်ဆီးနေပါတယ်။ သာဓကပြရရင် အဆိုရှင်တင်သွင်းချက်မှာ ပါရှိခဲ့သလို မြို့ရွာတွေကို မီးရှို့တယ်၊ အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်တယ်၊ အဓမ္မဆောင်ရွက်ချက်တွေအပြင် လူမဆန်တဲ့ ကြမ်းကြုတ်ရက်စက်မှုတွေပြုခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ ရန်ကုန်မြို့က လူစည်ကားရာ နေရာ သုံးနေရာမှာ အချိန်ကိုက်ဗုံးထောင်ခဲ့တာကြောင့် အပြစ်မဲ့တဲ့ ရဟန်း၊ ရှင်လူ ပြည်သူများစွာရဲ့ အသက်တွေ ဆုံးရှုံးခဲ့ရသလို

စာမျက်နှာ ၁၃ ကော်လံ ၅ သို့

ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားတွေဟာ အမျိုးသားရေးဦးတည်ချက်ဖြစ်တဲ့ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" ဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဘယ်သောင်းကျန်းသူ ဘယ်အဖျက်သမားကိုမှ မထောက်ခံကြပါဘူး။

လွန်ခဲ့တဲ့ ၁၆ နှစ်ကျော်က နိုင်ငံ့အခြေအနေ လက်ရှိကာလနဲ့ ကွာခြား ဖွံ့ဖြိုးတိုးတက်မှုကို မနာလိုမရှုဆိတ်သူတို့ရဲ့ အကွက်ဆင်ဖန်တီးချက် တိုင်းရင်းသားပြည်သူများ တညီတညွတ်တည်း ဆန့်ကျင်ရှုတ်ချ ကန့်ကွက်ခဲ့

ရန်ကုန် မေ ၁၂

ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၂ ရက် နံနက် ၇ နာရီ ၁၀ မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ကျင်းပရာ ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက်မှ အခါ တိုင်းရင်းသား ဦးကြည်လင်းက "ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ကျိုင်းတုံမြို့နယ်မှ တိုင်းရင်းသား ပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို အောက်ပါအတိုင်း ထောက်ခံတင်ပြသွားသည်။

ကျိုင်းတုံမြို့နယ် အမှတ်(၃)ရပ်ကွက်မှ အခါတိုင်းရင်းသား ဦးကြည်လင်းကပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ကျိုင်းတုံမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ထောက်ခံတင်ပြစဉ်။ (သတင်းစဉ်)

အမဲရိုးဟပ်ထားရတဲ့ ကျေးဇူးတရားကို စောင့်သိပြီး အမိနိုင်ငံတော်ကြီး ပြိုကွဲစေမယ့် လုပ်ရပ်ဆိုတာသိမြင်ပေမယ့် သူရဲကောင်းဟန်ဝင့်လို့ ဧပြီလ ၁၇ ရက်နေ့က ရှမ်းနိုင်ငံတော်သမ္မတအဖြစ် ခံယူခဲ့ပုံများ သိကြားမင်းကြီးက သူ့ရဲ့ ခွေးသားရေပုရပိုက်မှာ စဝ်ခမ်ဖကျေးဇူးကန်းပုံကို မှတ်တမ်းတင်ထားလောက်ပါပြီ။

လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျား–

ကျွန်တော်ကတော့ ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက်မှာ နေထိုင်တဲ့ အခါတိုင်းရင်းသား ဦးကြည်လင်း ဖြစ်ပါတယ်။ အဆိုရှင် ဦးစိုင်းရှဲန်ခမ်း တင်သွင်းသွားတဲ့ ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့ရဲ့ ရှမ်းပြည်နယ် ခွဲထွက်ရန် ကြေညာခြင်းအား လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ဖြည့်စွက်ထောက်ခံ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော့်အနေနဲ့ ဦးစွာပထမတင်ပြလိုတာကတော့ ကျွန်တော်တို့နိုင်ငံမှာ ၁၉၈၈ ခုနှစ် ပေါ်ပေါက်ခဲ့တဲ့ မင်းမဲ့စရိုက်တွေကြောင့် တပ်မတော်အစိုးရဟာ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို ထိန်းသိမ်းရယူခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ ပြည်တွင်းသောင်းကျန်းမှုတွေ ချုပ်ငြိမ်းအောင်၊ နယ်စပ်ဒေသအပါအဝင် နိုင်ငံအဝန်း ဖွံ့ဖြိုးတိုးတက်အောင် တစိုက်မတ်မတ် လုပ်ကိုင်လာတာတွေ့ရပါတယ်။ ကျွန်တော်တို့ဒေသမှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနဲ့ ဘာသာ သာသနာ ကဏ္ဍတွေအပြင် မူးယစ်ဆေးဝါးချုပ်ငြိမ်းပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၆ နှစ်ကျော်ကာလက နိုင်ငံတော်ရဲ့ အခြေအနေအရပ်ရပ်ဟာ လက်ရှိ ကာလအနေအထားနဲ့ဆိုရင် နှိုင်းယှဉ်လို့မရအောင် ကွာခြားသွားတာ တွေ့ရမှာဖြစ်ပါတယ်။

ဒါနဲ့တင်မကသေးဘူး၊ ဒေသတိုင်းမှာ၊ ပြည်နယ်နှင့် တိုင်းအသီးသီးမှာ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဆူကြဲနိမ့်မြင့်မရှိစေဖို့အတွက် ဖွံ့ဖြိုးရေးဇုန်ကြီး ၂၄ ခု သတ်မှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အားကြိုးမာန်တက် လုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့် ဒီကနေ့ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံတော်မှာ မြို့ပြ၊ ကျေးလက်၊ နယ်စပ်ဒေသအားလုံးဟာ အချိုးကျကျ ဖွံ့ဖြိုးတိုးတက်လာနေပြီ ဖြစ်ပါတယ်။

စာမျက်နှာ ၁၃ ကော်လံ ၃ သို့

ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ကျိုင်းတုံမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချ တက်ရောက်လာသော ပြည်သူလူထု၏ ဆန္ဒသဘောထား ရယူအတည်ပြု

ရန်ကုန် မေ ၁၂

ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲလူထုအစည်းအဝေးကြီးကို ယနေ့နံနက် ၇နာရီ၁၀မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ကျိုင်းတုံမြို့ရှိ မြို့မအားကစားကွင်း၌ကျင်းပရာ ဒေသခံတိုင်းရင်းသားပြည်သူများ တစ်ခဲနက်တက်ရောက်ကြပြီး ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား တညီတညွတ်တည်း ဆန့်ကျင်ရှုတ်ချကြသည်။

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲလူထုအစည်းအဝေးကြီးတွင် အခမ်းအနားမှူးအဖြစ် ရှမ်းတိုင်းရင်းသူ ဒေါ်နန်းဟွမ်တစ်၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းတိုင်းရင်းသူ ဒေါ်နန်းဟောင်ခမ်းတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသော တိုင်းရင်းသားအဖွဲ့များဖြစ်ကြသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ ဒုတိယဥက္ကဋ္ဌ ဦးစံလူနှင့်အဖွဲ့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးအားမင်နှင့်အဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျိုင်းတုံဒီဂရီကောလိပ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်တို့မှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ကျိုင်းတုံမြို့ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ ကျိုင်းတုံမြို့ပေါ်ရှိ ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများပါဝင်သည့် ကျိုင်းတုံစစ်ကြောင်း၊ တာချီလိတ်စစ်ကြောင်း၊ မိုင်းဖြတ်စစ်ကြောင်းနှင့် မိုင်းဆတ်စစ်ကြောင်း၊ ကျိုင်းတုံမြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျိုင်းတုံမြို့မဈေး ဈေးမိဈေးဖများနှင့် ဈေးသူဈေးသားများ၊ ဒေသခံတိုင်းရင်းသားများဖြစ်သော ရှမ်း၊အခါ၊ လားဟူ၊ လွယ်လ၊ လီဆူး၊ 'ဝ'နှင့် ပလောင်တိုင်းရင်းသားများ စုစုပေါင်း အင်အား ၁၀၅၀၀ကျော်တို့တစ်ခဲနက် တက်ရောက်ကြသည်။

သဘာပတိ

ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲလူထုအစည်းအဝေးကြီးတွင်သဘာပတိအဖြစ် ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက်မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းဟောင်ခမ်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ကျိုင်းတုံမြို့ အမှတ်(၅) ရပ်ကွက်မှ လားဟူတိုင်းရင်းသား ဦးကျဒါနှင့် ကျိုင်းတုံမြို့ အမှတ်(၄) ရပ်ကွက်မှအခါတိုင်းရင်းသားဦးပီတာတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ရှမ်းတိုင်းရင်းသူ ဒေါ်နန်းဟွမ်တစ်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းတိုင်းရင်းသူ ဒေါ်နန်းဟောင်ခမ်းက ဆောင်ရွက်သည်။

နှစ်ဘာသာဖြင့်

ရှေးဦးစွာသဘာပတိနှင့်သဘာပတိအဖွဲ့ဝင်များနေရာယူကြပြီး အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်များကိုမြန်မာနှင့်ရှမ်းနှစ်ဘာသာဖြင့် ဖတ်ကြားကြေညာသည်။

ထို့နောက် အခမ်းအနားမှူးက အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာပြီးသဘာပတိ၊ သဘာပတိအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသော ပြည်သူလူထုက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအားအလေးပြုကြသည်။

ယင်းနောက် သဘာပတိ ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက်မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းဟောင်ခမ်းက အဖွင့်မိန့်ခွန်းကို မြန်မာနှင့်ရှမ်းနှစ်ဘာသာဖြင့် ပြောကြားသည်။

[သဘာပတိဦးစိုင်းဟောင်ခမ်း၏ အဖွင့်မိန့်ခွန်း အပြည့်အစုံကိုသီးခြားဖော်ပြထားပါသည်။]

ဆက်လက်၍ ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက်မှရှမ်းတိုင်းရင်းသား ဦးစိုင်းရှဲန်ခမ်းက "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းအပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ကျိုင်းတုံမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို မြန်မာနှင့်ရှမ်း နှစ်ဘာသာဖြင့် တင်သွင်းသည်။

[ဦးစိုင်းရှဲန်ခမ်း၏ အဆိုတင်သွင်းချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။]

ထို့နောက်ကျိုင်းတုံမြို့ အမှတ်(၅) ရပ်ကွက်မှရှမ်းတိုင်းရင်းသူဒေါ်နန်းခမ်းတစ်က အဆိုရှင် ရှမ်းတိုင်းရင်းသား ဦးစိုင်းရှဲန်ခမ်း တင်သွင်းသွားသော "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ကျိုင်းတုံမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို မြန်မာနှင့်ရှမ်းနှစ်ဘာသာဖြင့် ထောက်ခံတင်ပြသည်။



[ဒေါ်နန်းခမ်းတစ်၏ ထောက်ခံတင်ပြချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။]

ယင်းနောက် ကျိုင်းတုံမြို့နယ် လွယ်မွေကျေးရွာမှ လားဟူတိုင်းရင်းသားဦးအဲဖရက်က အဆိုရှင် ရှမ်းတိုင်းရင်းသားဦးစိုင်းရှဲန်ခမ်းတင်သွင်းသွားသော "ပြည်ပြေး စဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ကျိုင်းတုံမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို မြန်မာနှင့်လားဟူနှစ်ဘာသာဖြင့် ထောက်ခံတင်ပြသည်။

[ဦးအဲဖရက်၏ ထောက်ခံတင်ပြချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။]

ဆက်လက်၍ ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက်မှ အခါတိုင်းရင်းသား ဦးကြည်လင်းက အဆိုရှင် ရှမ်းတိုင်းရင်းသား ဦးစိုင်းရှဲန်ခမ်း တင်သွင်းသွားသော "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ကျိုင်းတုံမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို မြန်မာနှင့်အခါနှစ်ဘာသာဖြင့် ထောက်ခံတင်ပြသည်။

[ဦးကြည်လင်း၏ ထောက်ခံတင်ပြချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။]

ကြွေးကြော်သံများဖြင့် ရုပ်သိမ်း

ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါ တစ်စုတို့၏ ရှမ်းပြည်နယ် ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင် ရှုတ်ချပွဲ လူထု အစည်း အဝေးကြီးကို ကြွေးကြော် သံများဖြင့် ရုပ်သိမ်းစဉ်။

(သတင်းစဉ်)

■ **ကျောဖုံးမှ**

လေးစားချစ်ခင်အပ်ပါသော ကျိုင်းတုံမြို့နယ်မှ ဒေသခံတိုင်းရင်းသား ပြည်သူလူထုကြီးခင်ဗျား–

ကျွန်တော်ကတော့ ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက်မှ ဦးစိုင်းဟောင်ခမ်းဖြစ်ပါတယ်။ ဒီကနေ့ကျင်းပတဲ့ ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့ရဲ့ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချတဲ့ လူထုအစည်းအဝေးပွဲမှာ သဘာပတိအဖြစ် ဆောင်ရွက်ခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ဦးစွာပထမ ပြောကြားလိုပါတယ်ခင်ဗျား။ လူထုအစည်းအဝေးပွဲကြီးကိုတက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့က ဒေသခံတိုင်းရင်းသား ညီအစ်ကို မောင်နှမများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ် ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင် ရှုတ်ချပွဲ လူထု အစည်း အဝေးကြီးတွင် သဘာပတိ ဒေသခံရှမ်းတိုင်းရင်းသား ဦးစိုင်းဟောင်ခမ်းက အဖွင့် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

ဒီကနေ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့မှာ လူထုအစည်းအဝေးကျင်းပဆောင်ရွက်ရတဲ့ ရည်ရွယ်ချက်ကို ကျွန်တော့်အနေနဲ့ ပဏာမတင်ပြလိုပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်းမှာ ရှေးပဝေသဏီကတည်းက မှီတင်းနေထိုင်လာကြတဲ့ ရှမ်း၊လားဟူ၊အခါ၊ဗမာ၊'ဝ'၊ဂုံ အစရှိတဲ့ တိုင်းရင်းသား ညီအစ်ကိုတစ်တွေဟာ စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ မိမိတို့ရဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုင်းဝန်းစုပေါင်းလုပ်ကိုင် ဆောင်ရွက်လျက်ရှိကြပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ဒေသအပေါ်ထားရှိတဲ့ စေတနာ၊ ကြိုးစားဆောင်ရွက်အားထုတ် လုပ်ကိုင်ပေးတဲ့ဖော်ဆောင်မှုတွေကြောင့် ဒေသမှာ ယခင်ကာလများနဲ့ မတူတော့ဘဲ ဖွံ့ဖြိုးတိုးတက်လာတာတွေကို တွေ့မြင်ခံစားနေကြရပြီဖြစ်ပါတယ်။

တစ်ချိန်က လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ ပြည်တွင်းသောင်းကျန်းသူများ၊ လက်နက်ကိုင်သမားတွေနဲ့ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒီတွေရဲ့ နှောင့်ယှက်မှုတွေကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအပါအဝင် နိုင်ငံတော်တစ်ဝန်းလုံးမှာ ကြိုးစားလုပ်ကိုင်သလောက် တိုးတက်မှုမရရှိခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေသာ မရှိခဲ့ဘူးဆိုရင် ကျွန်တော်တို့ဒေသ၊ ကျွန်တော်တို့နိုင်ငံတော်ကြီးဟာ အခုအခြေအနေထက်မက များစွာတိုးတက်နေမယ်ဆိုတာ ဧကန်မလွဲဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဦးဆောင်လမ်းပြမှုနဲ့ ကျွန်တော်တို့ရဲ့ ဒေသခံညီအစ်ကိုမောင်နှမတွေဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ဆီရောက်အောင် အပတ်တကုတ်ကြိုးပမ်းနေချိန်မှာ ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့ဟာ ရှမ်းပြည်နယ်ကို ပြည်ထောင်စုကြီးက ခွဲထွက်ပြီး ရှမ်းသမ္မတနိုင်ငံ ထူထောင်လိုက်ပြီလို့ ကြေညာခဲ့ပါတယ်။

ဒီလုပ်ရပ်ဟာဆိုရင် ပြည်ထောင်စုကြီး ပြိုကွဲသွားအောင် နည်းမျိုးစုံနဲ့ ကြိုးပမ်းနေတဲ့ နယ်ချဲ့သမားကြီးကိုင်ညွှန်ပြမှုအရ စဝ်ခမ်ဖနှင့် အပေါင်းပါတို့က လုပ်ဆောင်ခဲ့ရတာဖြစ်ပါတယ်။ ပြည်ထောင်စုကြီး ပြိုကွဲသွားပါမှ၊ စည်းလုံးညီညွတ်မှုတွေ ပျက်ပြားသွားပါမှ နယ်ချဲ့သမားဟာ ဝင်ရောက်လာပြီး ကျွန်တော်တို့ရဲ့နိုင်ငံကိုထပ်မံကျွန်ပြု စိုးမိုးနိုင်မှာဖြစ်လို့ ဒီလိုပြုမူနေတာဖြစ်ပါတယ်။ နယ်ချဲ့သမားတွေ ထပ်မံဝင်ရောက်လာခဲ့ရင် ကျွန်တော်တို့ရဲ့ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာတွေအားလုံး ထိခိုက်ပျက်စီးပြီး နောက်ဆုံး လူမျိုးပါသုန်းသွားစေမှာဖြစ်ပါတယ်။ မျက်မှောက်ကာလ ကမ္ဘာ့အရပ်ရပ်မှာ နယ်ချဲ့ဝါဒီလက်သစ်တွေရဲ့ လုပ်ရပ်တွေကို သတိထားဆင်ခြင်နိုင်အောင် တင်ပြရခြင်းဖြစ်ပါတယ်။

နယ်ချဲ့သမားရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံကြီး ဖြိုခွဲရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အစီအစဉ်မှာ ရှေ့တန်းကနေပြီး အဓိကပါဝင်လှုပ်ရှားကြတဲ့ စဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုရဲ့ သေးနုပ်ယုတ်ညံ့တဲ့ အယူအဆတွေကို ကျွန်တော်တို့ တိုင်းရင်းသားအားလုံးက စက်ဆုပ်ရွံမုန်းနေကြပါတယ်။ ဒီအဖျက်သမား စဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုရဲ့ ပြည်ပအနောက်အုပ်စုရဲ့အလိုကျ ရှမ်းပြည်နယ်ခွဲထွက်ရေး ကြေညာခဲ့တဲ့ကိစ္စကို ဆန့်ကျင်ရှုတ်ချဖို့အတွက် ဒီလူထုအစည်းအဝေးကြီးကို ကျင်းပရခြင်းဖြစ်ပါတယ်။

တိုင်းရင်းသား ပြည်သူလူထုကြီးခင်ဗျား–

ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ဂုဏ်ယူစရာကောင်းတဲ့ သမိုင်းကြောင်းတွေကို ထင်ထင်ရှားရှားတွေ့မြင်ကြရမှာဖြစ်ပါတယ်။ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနဲ့ နှစ်ပေါင်းထောင်ချီထိန်းသိမ်းပြီး နေထိုင်လာကြတဲ့ လွတ်လပ်တဲ့မျိုးချစ်စိတ်ဓာတ်ရှိတဲ့ နိုင်ငံတစ်နိုင်ငံလဲဖြစ်ပါတယ်။ နိုင်ငံတော်ကို ထိပါးလာတဲ့ ပြည်ပကျူးကျော်ထိပါးမှုတွေကိုလဲ တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်စွာနဲ့ တိုက်ထုတ်နိုင်ခဲ့ပါတယ်။ ဆုံးရှုံးလက်လွတ်ခဲ့ရတဲ့ အချုပ်အခြာအာဏာ မြန်မာ့လွတ်လပ်ရေးတို့ကိုလဲ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားဇာတိမာန်တို့နဲ့ စွမ်းစွမ်းတမံကြိုးပမ်းရယူနိုင်ခဲ့ကြပါတယ်။

အတိတ်သမိုင်းမှာ စည်းလုံးခဲ့တဲ့ တိုင်းရင်းသားညီအစ်ကိုများဟာ ပြည်ပနယ်ချဲ့သမားတွေရဲ့ သွေးခွဲမှုနဲ့အယူဝါဒအပါအဝင် မကျေလည်မှုအချို့ကို အကြောင်းပြုပြီး လက်နက်ကိုင်တိုက်ခိုက်ကြရာမှ ယခုဆိုရင် နိုင်ငံတော်အစိုးရရဲ့ မှန်ကန်တဲ့ရပ်တည်မှုကို တွေ့မြင်လာခဲ့ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နဲ့ အဖွဲ့ငယ်များဟာ လက်နက်နဲ့ ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြလို့ ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းလာနေပြီဖြစ်ပါတယ်။ အချို့ဆိုရင် လက်နက်ကိုင်လမ်းစဉ်ကို အပြီးတိုင်စွန့်လွှတ်ပြီး ပြည်ထောင်စုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်နဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်နေထိုင်လာကြပြီဖြစ်ပါတယ်။

တိုင်းရင်းသား ပြည်သူလူထုကြီးခင်ဗျား–

ဒီလိုပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အဘက်ဘက်က တည်ငြိမ်အေးချမ်းပြီး တိုးတက်လာချိန်မှာ ပြည်ပရဲ့သြဇာကို မခံတဲ့အတွက် နယ်ချဲ့သမားတွေဟာ မြန်မာနိုင်ငံတော်ကြီး ချွတ်ခြုံကျအောင်၊ ပြိုကွဲအောင် နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်လျက်ရှိတာကို အားလုံးအသိပဲဖြစ်ပါတယ်။ ဒီလိုလုပ်ရပ်တွေထဲမှာ ပြည်ပြေးရှမ်းစော်ဘွားအနွယ်ဟောင်း စဝ်ခမ်ဖနဲ့ အပေါင်းပါတွေဟာ ပထွေးကို ဖအေထင်ပြီး နယ်ချဲ့အလိုကျ အစိုးရလို့ကြေညာချက်ထုတ်ကာ ပြည်ထောင်စုကြီးကို ပြိုကွဲအောင်လုပ်ဆောင်လာနေပြီဖြစ်ပါတယ်။

ဒီလိုစဝ်ခမ်ဖရဲ့လုပ်ရပ်ကို ပြည်တွင်းနိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ငြိမ်းချမ်းရေးရယူထားတဲ့ တိုင်းရင်းသားအဖွဲ့အစည်းများအပြင် လူထုကြီးတစ်ရပ်လုံးက ဆန့်ကျင်ရှုတ်ချတယ်ဆိုတဲ့ သဘောထားကို တရားဝင်ထုတ်ပြန်ခဲ့ကြပြီဖြစ်ပါတယ်။

တိုင်းရင်းသား ပြည်သူလူထုကြီးခင်ဗျား–

ကျွန်တော်တို့ မှီတင်းနေထိုင်ကြတဲ့ အမိနိုင်ငံတော်ကြီးဟာ ကမ္ဘာတည်သရွေ့တည်တံ့နေပြီး ငြိမ်းချမ်းခေတ်မီစည်ပင်ဝပြောလာစေဖို့ ဆန္ဒရှိလိုလားတဲ့ ပြည်သူများဟာ စဝ်ခမ်ဖနဲ့ အပေါင်းပါပြည်ပြေးတစ်စုရဲ့ ရှမ်းပြည်နယ်ခွဲထွက်ရေးအကြံဆိုးကို လက်သင့်မခံဆန့်ကျင်ရှုတ်ချ ကန့်ကွက်ကြပါတယ်။ ဒါဟာ ရှမ်းပြည်နယ်အတွင်း နေထိုင်တဲ့လူထုသာမက ပြည်ထောင်စုတစ်ဝန်းလုံးမှာ နေထိုင်နေတဲ့ လူထုအားလုံးရဲ့ သဘောထားဖြစ်ပါတယ်။

ဒါ့ကြောင့် လူထုအစည်းအဝေးပွဲကြီးမှာ ဒေသခံတိုင်းရင်းသားတွေအနေနဲ့ ဆန္ဒအမှန်ကို ကြွေးကြော်ပြီးဖော်ထုတ်ပြသကြပါ၊ ဘယ်လူမျိုး၊ ဘယ်ဒေသမဆို ပြည်ထောင်စုကြီးကနေ ခွဲထွက်သွားမှာကို လက်မခံဘဲ အေးအတူပူအမျှ ဥမကွဲသိုက်မပျက်နေထိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

ဆန္ဒသဘောထား

ယင်းနောက် သဘာပတိက ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲလူထုအစည်းအဝေးကြီးတွင်တင်သွင်းသွားသော "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ကျိုင်းတုံမြို့နယ်မှတိုင်းရင်းသားပြည်သူများကလုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထု၏ ဆန္ဒသဘောထားရယူပြီး ယင်းအဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်သူလူထုက ပြည်ထောင်စုမပြိုကွဲရေး **(ဒို့အရေး၊ ဒို့အရေး)**၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး **(ဒို့အရေး၊ ဒို့အရေး)** အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး **(ဒို့အရေး၊ဒို့အရေး)**၊ ပြည်တွင်းပြည်ပအဖျက်သမားမှန်သမျှ **(ချေမှုန်းကြ၊ ချေမှုန်းကြ)**ဟု ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြပြီး နံနက် ၈ နာရီ ၁၅ မိနစ်တွင် အခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

တက်ရောက်လာကြသူများ

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါ တစ်စုတို့၏ ရှမ်းပြည်နယ် ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင် ရှုတ်ချပွဲ လူထု အစည်း အဝေးကြီးသို့ တက်ရောက် လာကြသူများအား တွေ့ရ စဉ်။ (သတင်းစဉ်)

ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

ယခု ၂၀၀၅ခုနှစ် မေလ ၁၄ရက်ဟာ ကမ္ဘာ့သွေးတိုးရောဂါအဖွဲ့ချုပ်က ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့လို့ သတ်မှတ်ထားတဲ့နေ့ဖြစ်ပါတယ်။ ဒီအဖွဲ့ချုပ်ကြီးက ယခုကဲ့သို့ သီးခြားနေ့ သတ်မှတ်ထားလိုက်တဲ့ ရည်ရွယ်ချက်ကတော့ သွေးတိုးရောဂါကို ကာကွယ်ထိန်းသိမ်းကြရာမှာ ကမ္ဘာအနှံ့အပြားမှာရှိတဲ့ လူမှုရေးအသင်းအဖွဲ့အသီးသီးနဲ့တကွ ပြည်သူလူထုတစ်ရပ်လုံးကပါ စုပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လိုတဲ့အတွက် ဖြစ်ပါတယ်။

သုတေသနပြု ဆန်းစစ်တွေ့ရှိချက်များအရ သွေးတိုးရောဂါဟာ ကမ္ဘာတစ်ဝန်း အရေးကြီးတဲ့ ကျန်းမာရေး ပြဿနာတစ်ခုဖြစ်တာကို ၁၉၅၀ပြည့်နှစ်နှင့် ၁၉၆၀ပြည့်နှစ်များမှစပြီး သိရှိလာကြရပါတယ်။ ၁၉၆၄ခုနှစ်မှာ နိုင်ငံတကာဆိုင်ရာ သွေးတိုးရောဂါအဖွဲ့ကြီး(International Society on Hypertension- ISH)ဖွဲ့စည်းပြီးတဲ့နောက် သွေးတိုးရောဂါနှင့်ပတ်သက်တဲ့ သုတေသနလုပ်ငန်းတွေ ပိုမိုလုပ်ဆောင်လာကြပြီး တွေ့ရှိချက်တွေကိုလဲ ပိုမိုတွင်ကျယ်စွာ ဖလှယ်နိုင်ခဲ့ကြပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)နှင့် အမေရိကန်ပြည်ထောင်စုတို့ ပူးပေါင်းဆောင်ရွက်တဲ့ အမျိုးသား သွေးတိုးရောဂါပညာပေးအစီအစဉ်(US National High Blood Pressure Education Program)တို့က လူတစ်ယောက်ချင်းကို ပညာပေးကာကွယ်ရုံသာမက လူများစုအတွက်လဲ သွေးတိုးရောဂါကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်သင့်တယ်လို့ အကြံပေးတိုက်တွန်းခဲ့ပါတယ်။ ဒါကြောင့် ၁၉၇၀ပြည့်နှစ်နောက်ပိုင်းမှာ သွေးတိုးရောဂါကာကွယ်ရေးအဖွဲ့ငယ်များ ကမ္ဘာပေါ်မှာ စတင်ဖွဲ့စည်းပေါ်ပေါက်လာကြပါတယ်။ ၁၉၇၀ပြည့်နှစ်နှင့် ၁၉၈၀ပြည့်နှစ်များမှာ ဒီအဖွဲ့ငယ်တွေဟာ အကြိမ်ကြိမ်အခါခါ စုဝေးကြပြီးတဲ့နောက် ၁၉၈၃ခုနှစ်မှာတော့ ကမ္ဘာ့သွေးတိုးရောဂါ အဖွဲ့ချုပ်တစ်ခုဖွဲ့ဖို့ လိုအပ်တယ်လို့ အကြံပြုကြပါတယ်။ ဒီအကြံပြုချက်ကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့အနေနဲ့ ၁၉၈၄ခုနှစ် ဇန်နဝါရီလ ၄ရက် နေ့မှာ ကမ္ဘာ့သွေးတိုးရောဂါအဖွဲ့ချုပ်ကို ဆွစ်ဇာလန်နိုင်ငံ

သွေးတိုးရောဂါဆိုတာဟာ သွေးပေါင်ချိန်တက်နေခြင်းကို ဆိုလိုတာဖြစ်ပြီး သွေးပေါင်ချိန်ဆိုတာကတော့ လူရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းအသီးသီးအတွက် လိုအပ်တဲ့အာဟာရဓာတ်ရရှိစေရန် နှလုံးကသွေးကို ညှစ်ထုတ်ရာမှာ သွေးတွေက သွေးလွှတ်ကြောများရဲ့နံရံကို လာရောက်တွန်းကန်တဲ့ အရှိန်အဟုန်ဖြစ်ပါတယ်။ နှလုံးဟာ လူ့ခန္ဓာကိုယ်အနှံ့အပြားကို သွေးရောက်ရှိစေဖို့ နှလုံးထဲမှာရှိတဲ့ သွေးတွေကို ညှစ်ထုတ်လိုက်၊ နှလုံးထဲကို သွေးတွေ ပြန်ဝင်လာဖို့အတွက် လျှော့ထားလိုက် လုပ်နေတာကြောင့် နှလုံးဟာ ခုန်နေပါတယ်။ အပေါ်သွေးလို့ လူအများ ပြောနေကြတာဟာ နှလုံးညှစ်ပြီးပြီးချင်းဖြစ်ပေါ်လာတဲ့ သွေးပေါင်ချိန်ဖြစ်ပြီး အောက်သွေးလို့ လူအများသိနေ၊ ပြောနေကြတာကတော့ နှလုံးညှစ်မနေတဲ့အချိန်မှာရှိတဲ့ သွေးပေါင်ချိန်ဖြစ်ပါတယ်။ ဒါကြောင့် နှလုံးညှစ်ချိန်မှာရှိတဲ့ အပေါ်သွေးပေါင်ချိန်ဟာ နှလုံးမညှစ်တဲ့အချိန်မှာရှိတဲ့ အောက်သွေးပေါင်ချိန်ထက် များပါတယ်။ သွေးလွှတ်ကြောများ ထူလာလျှင်သော်လည်းကောင်း၊ ကျဉ်းလာလျှင်သော်လည်းကောင်း သွေးလည်ပတ်မှု ပုံမှန်ဖြစ်စေရန် နှလုံးကပါ ပိုမိုအားစိုက်၍ ညှစ်ပေးရတဲ့အတွက် သွေးပေါင်ချိန်များ တက်လာတတ်ပါတယ်။

ပါမောက္ခ ဒေါက်တာခင်မေစန်း

လူတစ်ယောက်ရဲ့ သွေးပေါင်ချိန်ကိုတိုင်းကြည့်လို့ ၁၂၀/၈၀mmHgနဲ့ အောက်ရှိပါက ပုံမှန်သွေးပေါင်ချိန်လို့ ယူဆပြီး ၁၄၀/၉၀ mmHgနဲ့ အထက်ရှိပါက သွေးတိုးရောဂါရှိတယ်လို့ ပညာရှင်များက သတ်မှတ်ပါတယ်။ ၁၂၀/၈၀ mmHgမှ ၁၄၀/၉၀mmHg ကြားကိုတော့ ပုံမှန်သွေးချိန် အမြင့်စား (သို့မဟုတ်) ပဏာမအဆင့် သွေးတိုးရောဂါလို့ သတ်မှတ်ပါတယ်။

နှလုံးသွေးကြောရောဂါတို့ဟာ တိုက်ရိုက် ဆက်သွယ်မှုရှိပါတယ်။ ဆိုလိုတာကတော့ သွေးပေါင်မြင့်လေ၊ လေဖြတ်၊ နှလုံးသွေးကြောပိတ်၊ နှလုံးနဲ့ကျောက်ကပ်ပျက်စီးနှုန်း များလေဖြစ်ပါတယ်။

ဒါကြောင့်မို့ ပြည်သူများအနေနဲ့ သွေးတိုးရောဂါကို ဘယ်လို ကာကွယ်ထိန်းသိမ်းရမယ် ဆိုတာကို သိရှိလိုက်နာကြဖို့ အရေးကြီးပါတယ်။ သွေးတိုးရောဂါကို ကာကွယ်နိုင်ဖို့ သွေးတိုးရောဂါဖြစ်စေနိုင်တဲ့ အကြောင်းတွေကို သိရှိထားဖို့ လိုအပ်ပါတယ်။

သွေးတိုးရောဂါကို ဖြစ်ရတဲ့ အကြောင်းရင်းလိုက်ပြီး နှစ်မျိုးခွဲနိုင်ပါတယ်။ အကြောင်းရင်း တိကျသေချာစွာ မရှိဘဲဖြစ်တဲ့ သွေးတိုးရောဂါနဲ့ အခြားအကြောင်းများကို အခြေခံပြီးဖြစ်တဲ့ သွေးတိုးရောဂါဆိုပြီး ခွဲခြားနိုင်ပါတယ်။ ပထမတစ်မျိုးဖြစ်တဲ့ သွေးတိုးရောဂါကတော့ အကြောင်းရင်းသေချာစွာ မရှိဘဲဖြစ်တယ်ဆိုပေမယ့် အသက် ၄၀ကျော်သူများ၊ မျိုးရိုးရှိသူများ၊ ကိုယ်အလေးချိန်များပြီးဝနေသူများ၊ စိတ်ဖိစီးမှုများသူများ၊ ဆားနဲ့ အငန်အစားများသူများ၊ အဆီအဆိမ့်အစားများသူများ၊ ဆေးလိပ်သောက်သူများ၊ အရက်သောက်သူများမှာ ပိုမိုဖြစ်ပွားတတ်တာကိုတွေ့ရပါတယ်။ တချို့လမစေ့၊ ပေါင်မပြည့်ဘဲ မွေးလာတဲ့ကလေးတွေကြီးလာရင်လဲ မိဘမှာသွေးတိုးမရှိပေမယ့် သူတို့မှာတော့ သွေးပေါင်ချိန်များနေတတ်ပါတယ်။ ဒုတိယတစ်မျိုးဖြစ်တဲ့ အခြားအကြောင်းတွေကို အခြေခံပြီးဖြစ်တဲ့ သွေးတိုးရောဂါကတော့ ကျောက်ကပ်ရောဂါဖြစ်နေသူများ၊ ကိုယ်ခန္ဓာအတွင်း ဟိုမုန်းဓာတ် ထုတ်လုပ်မှုမမှန်သူများ၊ တချို့ဆေးဝါးများ မှီဝဲနေသူများ၊ ဥပမာ–ဟိုမုန်းဓာတ်ပါဝင်တဲ့ ဆေးဝါးများ မှီဝဲနေသူများနဲ့ ကိုယ်ဝန်ဆောင်စဉ်ကိုယ်ဝန်ဆိပ်တက်ခဲ့သူများဟာလဲ သွေးတိုးရောဂါဖြစ်ပွားနိုင်ပါတယ်။

သွေးတိုးရောဂါရှိသူများဟာ ခေါင်းကိုက်ခြင်း၊ မျက်စိဝေခြင်း၊ အားအင်ကုန်ခန်းခြင်း၊ မောဟိုက်ခြင်းစတဲ့ လက္ခဏာများ ရှိနိုင်ပါတယ်။ ဘာလက္ခဏာမှ မပြဘဲလဲ သွေးတိုးရောဂါရှိနေနိုင်ပါတယ်။

သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းနိုင်ဖို့အတွက် ပြည်သူများအနေနဲ့ အောက်ပါအချက်တွေကို သိရှိလိုက်နာဆောင်ရွက်ကြရမှာဖြစ်ပါတယ်–

(၁) ကိုယ်အလေးချိန် ပုံမှန်ဖြစ်ရန် ထိန်းသိမ်းလျှော့ချခြင်း။ (ကိုယ်လက်လှုပ်ရှားခြင်း၊ ဟင်းသီးဟင်းရွက် အသီးအနှံ များများစားသုံးခြင်း၊ အငန်လျှော့စားခြင်းတို့ဖြင့် ကိုယ်အလေးချိန်ကို လျှော့ချနိုင်ပါတယ်)

(၂) အငန်ဓာတ်လျှော့စားလျှင် သွေးတိုးကျစေနိုင်ပါတယ်။ အငန်ဓာတ်များတဲ့ ငါးပိ၊ ငါးခြောက်၊ ဟင်းချိုမှုန့်စတာတွေကို ရှောင်ကြဉ်ပါ။ ထမင်းစားပွဲမှာ ဆားထပ်မထည့်သင့်ပါ။

(၃) အရက်ကို အလွန်အကျွံ မသောက်သုံးရပါ။

(၄) ပုံမှန် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။ တစ်နေ့လျှင် နာရီဝက်မှ တစ်နာရီ၊ တစ်ပတ်လျှင် သုံးရက်မှ ငါးရက်အထိ ကိုယ်လက်လှုပ်ရှားမှု (ဥပမာ–ခပ်သွက်သွက်လမ်းလျှောက်ခြင်း)ပြုလုပ်ပါက ရှိသင့်တဲ့ ကိုယ်အလေးချိန်နဲ့ သွေးပေါင်ချိန်တို့ကို ထိန်းသိမ်းနိုင်ပါတယ်။

(၅) ဆေးလိပ်ကို ရှောင်ရပါမယ်။ ဆေးလိပ်သောက်ခြင်းဟာ သွေးတိုးရောဂါရှိသူများမှာ နှလုံးသွေးကြောရောဂါ ပို၍ဖြစ်စေတဲ့အပြင် သွေးတိုးကျရန် ဆေးကုရာမှာလဲ ခက်ခဲစေပါတယ်။

(၆) စိတ်ဖိစီးမှုကိုလျှော့ချပါက သွေးတိုးရောဂါရှိသူများတွင် သွေးပေါင်ချိန်ကျစေပါတယ်။

အထက်ပါ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ စားသောက်နေထိုင်မှုများ ပြုလုပ်ခြင်းဖြင့် သွေးတိုးရောဂါကို ကာကွယ်နိုင်ပါတယ်။ အကယ်၍ သွေးတိုးရောဂါရှိနေပြီဆိုရင်တော့ စနစ်တကျဆေးကုသမှုခံယူရန် လိုအပ်ပါတယ်။ သွေးတိုးကို ထိရောက်စွာကုသနိုင်ပါက သွေးကြောပိတ်ခြင်းကို ၂၅ရာခိုင်နှုန်း၊ လေဖြတ်ခြင်းကို ၃၅ရာခိုင်နှုန်းနှင့် နှလုံးအားနည်းခြင်းကို ၅၀ရာခိုင်နှုန်း တားဆီးနိုင်မှာ ဖြစ်ပါတယ်။

ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ကြီးရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ သွေးတိုးရောဂါနဲ့ သွေးတိုးရဲ့ကြောက်မက်ဖွယ်ကောင်းတဲ့ နောက်ဆက်တွဲကျန်းမာရေးပြဿနာတွေကို အများပြည်သူသိရှိရန် ပညာဖြန့်ဖြူးပြီး သွေးတိုးရောဂါကို ဖော်ထုတ်၊ ကုသ၊ ကာကွယ်နိုင်ဖို့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အများပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ဖို့အတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးနေကြတဲ့သူများသာမက ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်း၊ သတင်းစာစသည့် မီဒီယာများနဲ့ လူမှုရေးအသင်းအဖွဲ့များရဲ့ ကူညီရိုင်းပင်းမှုအထူးလိုအပ်ပါတယ်။ ဒါကြောင့် သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများမှာ လူတိုင်း၊ ဌာနတိုင်း၊ အဖွဲ့အစည်းတိုင်းက မိမိတို့သက်ဆိုင်ရာ အခန်းကဏ္ဍများမှ ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ပါတယ်။ ။

သွေးတိုးရောဂါကို တချို့က အသံတိတ် လူသတ်သမားလို့ ပြောကြပါတယ်။ အများပြည်သူများဟာ ဒီလို အမှတ်မထင်ဖြစ်နိုင်တဲ့ ဒုက္ခမျိုးတွေ မကြုံတွေ့ရအောင် သွေးတိုးရောဂါရဲ့ နောက်ဆက်တွဲ ဝေဒနာများကို သိထားသင့်ကြပါတယ်။ အဲဒါတွေကတော့ ဦးနှောက်သွေးကြောပိတ်ခြင်း၊ ဦးနှောက်တွင်းသွေးယိုခြင်း၊ လေဖြတ်ခြင်း၊ နှလုံးကြီးခြင်း၊ နှလုံးညှစ်အားလျော့ကျခြင်း၊ နှလုံးသွေးကြော ကျဉ်းမြောင်းပိတ်ဆို့ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိကွယ်ခြင်း၊ သွေးလွှတ်ကြောများ မာခဲလာခြင်း၊ သွေးကြောများ ပိတ်ခြင်း၊ ခြေလက်ပုပ်ခြင်းတို့ ဖြစ်လာနိုင်ပါတယ်။

ဂျီနီဗာမြို့မှာ နိုင်ငံတကာဆိုင်ရာ လူမှုရေးအဖွဲ့အစည်းကြီးတစ်ခုအဖြစ်ဖွဲ့စည်းခဲ့ကြပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ International Green Cross လို့ခေါ်တဲ့ အဖွဲ့အစည်းတို့ရဲ့ ပံ့ပိုးကူညီအားပေးမှုနဲ့ ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီကမ္ဘာ့သွေးတိုးရောဂါအဖွဲ့ချုပ် (World Hypertension League)ရဲ့ ပထမဦးဆုံး နှစ်ပတ်လည်အစည်းအဝေးကို ၁၉၈၄ခုနှစ် ဇွန်လ၂၂ရက်နေ့ ဂျီနီဗာမြို့မှာ ကျင်းပခဲ့ပြီး နှစ်စဉ်ပုံမှန် အစည်းအဝေးများ ဆက်လက် ကျင်းပခဲ့ပါတယ်။ ၂၀၀၄ခုနှစ်မှာတော့ အကြိမ်(၂၀)မြောက် အစည်းအဝေးကို ပရပ်(ဂ) (Prague)မြို့မှာ ကျင်းပခဲ့ပါတယ်။ ယခုအခါမှာတော့ ကမ္ဘာ့သွေးတိုးရောဂါအဖွဲ့ချုပ်မှာ အဖွဲ့ငယ်ပေါင်း၉၀ ပါဝင်ပေါင်းစည်းလျက် ရှိပါတယ်။

သွေးတိုးရောဂါဟာ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးရဲ့ တစ်နေ့တခြား ကြီးထွားလာနေတဲ့ ကျန်းမာရေးပြဿနာ တစ်ခုဖြစ်တာကို တစ်ကမ္ဘာလုံးရှိ နိုင်ငံအသီးသီးက လက်ခံသတိပြုမိလျက် ရှိပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ ၁၁သမ၅ဘီလီယံဟာ သွေးတိုးရောဂါခံစားလျက် ရှိကြပါတယ်။ အချို့နိုင်ငံများမှာ အသက် ၆၀ကျော် လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ သွေးတိုးရောဂါ ဖြစ်ပွားလျက်ရှိပါတယ်။ အဲဒီသွေးတိုးဖြစ်နေတဲ့ လူတွေထဲက သုံးပုံတစ်ပုံကသာ ဆေးကုသခြင်းခံယူကြပြီး အဲဒီဆေးကုသမှုခံယူနေတဲ့သူရှစ်ယောက်မှာ တစ်ယောက်ခန့်သာ ဆေးကုသမှုထိရောက်ပြီး ရောဂါသက်သာကြတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံမှာတော့ သွေးတိုးရောဂါဖြစ်ပွားတဲ့နှုန်းဟာ လူတစ်ရာမှာ၁၆ဦးက၂၀လောက်အထိ ဖြစ်တယ်လို့ သုတေသနပြုလုပ်ချက်အများအပြားမှာ တွေ့ရှိဖော်ပြထားပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာလဲ ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများလိုပဲ သွေးတိုးရောဂါကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ပြည်သူလူထုထဲမှာ ထိရောက်စွာ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

သွေးတိုးရောဂါရှိ မရှိ သိနိုင်ရန် သွေးပေါင်ချိန်ကြည့်ဖို့ လိုအပ်ပါတယ်။ လူတိုင်းလူတိုင်းဟာ အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် သွေးပေါင်ချိန်ကြည့်ရပါမယ်။ အများပြည်သူစုဝေးရာ ဈေး၊ ရုံး၊ စက်ရုံ၊ ကျောင်းစတဲ့ နေရာတွေမှာ အခါအားလျော်စွာ သွေးပေါင်ချိန်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုအများစုအတွင်းမှာ သွေးတိုးရောဂါရှိ မရှိဆန်းစစ်နိုင်ပြီး သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

သွေးတိုးရောဂါရှိနေတဲ့သူတချို့မှာ ဘာရောဂါလက္ခဏာမှ မပြတဲ့အတွက် ကိုယ့်ကိုယ်ကို သွေးတိုးရှိနေမှန်းတောင်မသိဘဲ အမှတ်တမဲ့ဖြစ်နေတတ်ပါတယ်။ ဒါပေမယ့် သွေးတိုးရဲ့ နောက်ဆက်တွဲဝေဒနာတွေဖြစ်တဲ့ လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်းတို့ ရုတ်တရက်ဖြစ်ပေါ်ပြီး အမှတ်မထင် အသက်ဆုံးရှုံးတတ်ကြပါတယ်။ ဒါကြောင့် **သွေးတိုးရောဂါကို တချို့က အသံတိတ် လူသတ်သမားလို့ ပြောကြပါတယ်။ အများပြည်သူများဟာ ဒီလို အမှတ်မထင်ဖြစ်နိုင်တဲ့ ဒုက္ခမျိုးတွေ မကြုံတွေ့ရအောင် သွေးတိုးရောဂါရဲ့ နောက်ဆက်တွဲ ဝေဒနာများကို သိထားသင့်ကြပါတယ်။ အဲဒါတွေကတော့ ဦးနှောက်သွေးကြောပိတ်ခြင်း၊ ဦးနှောက်တွင်းသွေးယိုခြင်း၊ လေဖြတ်ခြင်း၊ နှလုံးကြီးခြင်း၊ နှလုံးညှစ်အားလျော့ကျခြင်း၊ နှလုံးသွေးကြော ကျဉ်းမြောင်းပိတ်ဆို့ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိကွယ်ခြင်း၊ သွေးလွှတ်ကြောများမာခဲလာခြင်း၊ သွေးကြောများပိတ်ခြင်း ခြေလက်ပုပ်ခြင်းတို့ ဖြစ်လာနိုင်ပါတယ်။** သွေးတိုးရောဂါဟာ နှလုံးနဲ့ သွေးကြောရောဂါများကို ဖြစ်စေတဲ့ အရေးပါတဲ့ ရှေးဦးအခြေအနေတစ်ခု ဖြစ်ပါတယ်။ နှလုံးနဲ့ သွေကြောရောဂါများကြောင့် ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီး နိုင်ငံများမှာ သေဆုံးသူများရဲ့ ၄၀ရာခိုင်နှုန်း သေဆုံးပြီး ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာတော့ ၂၅ရာခိုင်နှုန်း သေဆုံးကြပါတယ်။ သွေးပေါင်ချိန်နဲ့

ကမ္ဘာ့သွေးတိုးရောဂါ
ကာကွယ်ထိန်းသိမ်းရေးနေ့
၂၀၀၅ ခုနှစ် မေလ ၁၄ ရက်
သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းပါ

၁။ ကိုယ်အလေးချိန်ပုံမှန်ဖြစ်ရန် ထိန်းသိမ်း၍ အဝမလွန်အောင် နေထိုင်စားသောက်ပါ။

၂။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။ နေ့စဉ် နာရီဝက်၊ တစ်နာရီခန့် ခပ်သွက်သွက်လမ်းလျှောက်ခြင်းကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။

၃။ ဟင်းသီးဟင်းရွက်၊ အသီးအနှံ များများစားသုံးပါ။

၄။ စိတ်ဖိစီးမှုနည်းပါးအောင် နေထိုင်ပါ။

၅။ အငန်ဓာတ်ပါသော ငါးပိ၊ ငါးခြောက်၊ ဟင်းချိုမှုန့်စသည့် အစားအစာများကို ရှောင်ကြဉ်ပါ။

၆။ အဆီကိုလွန်ကဲစွာ စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။

၇။ အရက်ကို အလွန်အကျွံသောက်သုံးခြင်းမှ ရှောင်ကြဉ်ပါ။

၈။ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ။

၉။ သွေးတိုးရောဂါရှိပါက သွေးပေါင်မှန်မှန်ချိန်၍ စနစ်တကျ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

● *ကျောဖုံးမှ*

လွတ်လပ်ရေးမရမီကာလ၊ လွတ်လပ်ရေး ရပြီးစ ကာလတွေမှာ စော်ဘွားတွေရဲ့ အုပ်ချုပ်မှုတွေကို ခံကြရပြီး ၁၉၅၉ခုနှစ် စော်ဘွားတွေ အာဏာစွန့်ပြီးတဲ့နောက် လောဘအရှိန်နဲ့ အာဏာယစ်မူးမှု အရှိန်တွေ မလျှော့နိုင်တဲ့ စော်ဘွားတချို့က ရှမ်းသောင်းကျန်းသူအသွင်နဲ့ ဗိုလ်ကျလွှမ်းမိုးမှုတွေကို ကျွန်တော်တို့ ဒေသခံတွေ ကြိတ်မှိတ်ခံခဲ့ရပါတယ်။

ဒီလို ခါးသီးလှတဲ့ အတွေ့အကြုံတွေကို ထပ်မံပြီး မခံစားလိုတဲ့ ဒေသခံပြည်သူတွေဟာ နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းလက်တွဲပြီး ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေကြပါတယ်။ ၁၉၈၈ခုနှစ် နောက်ပိုင်း ကျွန်တော်တို့ဒေသမှာ နိုင်ငံတော်အစိုးရရဲ့ ကြိုးပမ်း လုပ်ဆောင်မှုကြောင့် လက်နက်ကိုင်သောင်းကျန်းမှုတွေ ချုပ်ငြိမ်းပပျောက်လာပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဇောက်ချလုပ်ကိုင်လာနိုင်ခဲ့လို့ ဒေသဖွံ့ဖြိုးမှုကို မျက်ဝါးထင်ထင် တွေ့မြင်လာရပြီး ဖွံ့ဖြိုးမှုရဲ့ အသီးအပွင့်ရလဒ်ကောင်းတွေကို ကျွန်တော်တို့ အားလုံးက ခံစားနေကြရပြီး ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ဒီကနေ့ ကာလဟာဆိုရင် ပြည်ထောင်စုကြီးတစ်ဝန်းလုံး တည်ငြိမ်မှုတွေ ရရှိလာပြီဖြစ်ပါတယ်။ ဒီလိုအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်နေတဲ့ပြည်ထောင်စုကြီးပြိုကွဲသွားမယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားသွားမယ်ဆိုရင် အချုပ်အခြာအာဏာပိုင်ဆိုင်မှုဟာလဲ လက်လွတ်ဆုံးရှုံးရမှာ ဧကန်မလွဲဘဲ ဖြစ်ပါတယ်။ အချုပ်အခြာအာဏာပိုင်ဆိုင်မှုမရှိတဲ့ နိုင်ငံဟာ သူ့ကျွန်ဘဝ၊ တစ်ပါးသောနိုင်ငံရဲ့ အုပ်ချုပ်ခြယ်လှယ်မှုကို ခံရတဲ့ဘဝကို အလိုလိုပြန်လည်ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆိုးရွားလှတဲ့ ကျွန်ဘဝထပ်မရောက်ရအောင်၊ ထပ်မံမကြုံတွေ့ရအောင် ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာနဲ့ ပြည်ထောင်စုကြီးအပေါ် ကျရောက်လာမယ့် အန္တရာယ် ရန်စွယ်ဟူသမျှ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရမှာဖြစ်ပါတယ်။

ကျိုင်းတုံမြို့ အမှတ်(၂) ရပ်ကွက်မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းရှဲန်ခမ်းက "ပြည်ပြေးခဝ်ခမ်ဖ နှင့် အပေါင်းပါတစ်စုတို့၏ ရှမ်း ပြည်နယ် ခွဲထွက်ရန် ကြေညာ ခြင်းအား ကျိုင်းတုံမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင် ရှုတ်ချကြောင်း"အဆိုကို တင်သွင်းစဉ်။ (သတင်းစဉ်)

ပြည်တွင်း ပြည်ပအဖျက်သမားတွေဟာ နိမ့်ကျသိမ်ဖျင်းတဲ့ တစ်ယူသန်အယူအဆတွေ လွှမ်းမိုးရာကနေ သန္ဓေတည်ပေါက်ဖွား ဖြစ်ပေါ်လာတဲ့သူတို့ရဲ့ ဗီဇအရ အတည်တကျမရှိတဲ့ ဗလောင်းဗလဲ အယူဝါဒပိုင်ရှင် အင်အားကြီးနိုင်ငံတွေရဲ့ သစ္စာကိုခံယူပြီး ထိုးနှက်လာတာတွေ ရှိခဲ့ကြုံခဲ့ဖူးပြီဖြစ်ပါတယ်။ မကြာသေးခင်က ပြည်ပြေးစဝ်ခမ်ဖနဲ့အပေါင်းပါအဖွဲ့ဟာ ပြည်ထောင်စုကြီးပြိုကွဲအောင် လုပ်ကိုင်လာတာရှိပါတယ်။ ၂၀၀၅ ခုနှစ် ဧပြီလ ၁၇ ရက်နေ့မှာ ပြည်ပြေးစဝ်ခမ်ဖ အပါအဝင် လူပုဂ္ဂိုလ်ငါးယောက်တို့ဟာ ရှမ်းပြည်နယ်ကို လွတ်လပ်တဲ့နိုင်ငံအဖြစ် ထူထောင်ကြောင်း သတင်းထုတ်လွှင့်ကြေညာသွားပါတယ်။

ပြည်ပြေးစဝ်ခမ်ဖနဲ့အဖွဲ့က သူတို့ကို ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ် ၄၈ မြို့နယ်က လူထုတွေရဲ့ထောက်ခံချက်ကို ရရှိထားတယ်လို့ အခြေအမြစ်မရှိ ကြေညာသွားခဲ့ပါတယ်။ ကျွန်တော်တို့ ကျိုင်းတုံဒေသက တိုင်းရင်းသားတွေအနေနဲ့ကတော့ ယုံတမ်းစကားတစ်ရပ်လိုပဲ မြင်ပါတယ်။ လက်ခံနိုင်ဖွယ်မရှိတဲ့စကားကို ကိုလိုနီလက်သစ်ကကျွေးတဲ့ အစာဝါးပြီး မဟုတ်တမ်းတရမ်း ပြောနေတာဖြစ်ပါတယ်ခင်ဗျား။

စဝ်ခမ်ဖနဲ့အပေါင်းပါတစ်စုဟာ မိမိနိုင်ငံတော်ကို ကျေးဇူးကန်း၊ ပြည်ပကို ထွက်ပြေး၊ နယ်ချဲ့ရဲ့လက်ဝေခံအဖြစ်ရပ်တည် ကြိုးဆွဲရာက လိုသလိုပုံသွင်းခံနေရတဲ့ဘဝမှာ သူ့ကိုယ်သူ သမ္မတဆိုပြီး ကြေညာခဲ့ပါတယ်။ ကြေညာချက်နဲ့ ဆက်နွှယ်ပြီး သူတို့ကို ထောက်ခံပါတယ်ဆိုတဲ့ သတင်းတွေ ဗီဒီယိုမှတ်တမ်းနဲ့ ဓာတ်ပုံတွေကို အင်တာနက်ကနေတစ်ဆင့် ဝါဒဖြန့်နေတာတွေဟာလဲ ကလိမ်ကကျစ်နဲ့ အကွက်ဆင်ဖန်တီးချက်များသာ ဖြစ်ပါတယ်ခင်ဗျား။

သဘာပတိကြီးခင်ဗျား–

ပြည်ပြေးစဝ်ခမ်ဖနဲ့အပေါင်းပါတွေဖြစ်တဲ့ SURAသောင်းကျန်းသူအဖွဲ့ဟာလဲ ပြည်တွင်းမှာ ဟန်ချက်ညီညီနဲ့ လှုပ်ရှားဆောင်ရွက်ပေးခဲ့တာတွေကို တွေ့ကြရပါတယ်။ ပြည်ပြေးစဝ်ခမ်ဖကို ထောက်ခံတယ်ဆိုတဲ့ ပြကွက်တွေကို SURAကြီးစိုးရာနယ်မြေကနေ ဖန်တီးပြီး ကမ္ဘာကို ထုတ်လွှင့်ပြသနေတယ်ဆိုတာ တွေ့ရပါတယ်။ တစ်ဆက်တည်းမှာ SURAသောင်းကျန်းသူတွေက ကျွန်တော်တို့ဒေသအတွင်း ရက်စက်ကြမ်းကြုတ်ပြီး လူမဆန်စွာပြုမူခဲ့တဲ့ လုပ်ရပ်တချို့ကို တင်ပြလိုပါတယ်။

၂၀၀၃ ခုနှစ် မေလ ၃၁ ရက်နေ့က တာချီလိတ်မြန်မာ့ရေနံဆိုင်၊ ဘုရင့်နောင်ရပ်တု၊ ဝမ်ပုံရေဆိပ်နဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့မှာ ဗုံးလေးလုံးကို SURAအဖွဲ့က ဖောက်ခွဲခဲ့တဲ့အတွက် အပြစ်မဲ့တဲ့ပြည်သူနဲ့ အရပ်သားဝန်ထမ်း လေးဦးတို့ အသက်ဆုံးရှုံးခဲ့ရပါတယ်။ ၂၀၀၄ ခုနှစ် မတ်လ ၂၁ ရက်နေ့က မိုင်းတုံမြို့နယ် ဖာချယ်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီအောင်နေအိမ်ကို SURA သောင်းကျန်းသူငါးဦးရောက်ရှိလာပြီး ဦးညီအောင်နဲ့ဇနီးတို့ကို လက်နက်ငယ်တွေနဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့ပါတယ်။ အလားတူ တပ်မဟာ(၇၂၇)တပ်ရင်း ၄၀၁ မှ တပ်ခွဲမှူး ပလောင်အိုက်ခမ်းဦးစီးတဲ့ SURA° သောင်းကျန်းသူ အင်အား ၃၀ ဟာ ခန့်မှန်းမြေပုံညွှန်း တီ(၅၇၅၃၀၀) အနီးမှာရှိတဲ့ လားဟူရွာကို ဝင်ရောက်ပစ်ခတ်ခဲ့တဲ့အတွက် ဒေသခံလားဟူ တိုင်းရင်းသူ တစ်ဦး၊ တိုင်းရင်းသားတစ်ဦး အသက်ဆုံးရှုံးခဲ့ရပြန်ပါတယ်။

၂၀၀၄ ခုနှစ် မေလနဲ့ ဩဂုတ်လများအတွင်းမှာဆိုရင်လဲ SURA သောင်းကျန်းသူတွေရဲ့ မြို့ရွာတွေအတွင်းဝင်ရောက်နှောင့်ယှက် ပစ်ခတ်ခဲ့တာတွေ၊ ယာဉ်အသွားအလာတွေ ပစ်ခတ်ခဲ့တာတွေကြောင့် မိုင်းကန်ပြည်သူ့စစ်အဖွဲ့မှ ဦးလောကူရယ်၊ ပုံပါကျင်မြို့နယ်ခွဲ ရပ်ကွက်(၂)ဥက္ကဋ္ဌ ဦးခင်မောင်လတ်တို့ သေဆုံးခဲ့ကြရပြီး တာချီလိတ်မြို့နယ်က ကျတီးနားရွာတစ်ရွာလုံးကိုလဲ မီးရှို့ဖျက်ဆီးခဲ့ပါတယ်။

ဆက်လက်ပြီးတော့ KNU, SSA, KNPP°၊ ပြည်ပြေးစိန်ဝင်းဦးစီးတဲ့ NCGUB°တို့အဖွဲ့တွေ ပူးပေါင်းပြီး ပြည်တွင်းမှာမတည်ငြိမ်မှုတွေ ဖြစ်လာအောင်၊ လူထုတစ်ရပ်လုံး ထိတ်လန့်တုန်လှုပ်အောင် ရည်ရွယ်ချက်တွေနဲ့ ၂၀၀၅ ခုနှစ် မေလ ၇ ရက်နေ့က ရန်ကုန်မြို့အတွင်း လူစည်ကားရာ သုံးနေရာမှာ ဗုံးထောင်ဖောက်ခွဲမှုလုပ်ခဲ့ပါတယ်။ ရန်ကုန်မြို့ ကုန်သွယ်မှုဗဟိုဌာနမှာ ခင်းကျင်းပြသနေတဲ့ ထိုင်းနိုင်ငံကုန်စည်ပြပွဲ၊ ဂျန်းရှင်းအိပ်စင်တာနဲ့ ဒဂုံစင်တာ တွေမှာ သောင်းကျန်းသူအဖျက်သမားတွေရဲ့ လူမဆန်တဲ့ရက်စက်ယုတ်မာမှုကြောင့် အပြစ်မဲ့ရဟန်းရှင်ပြည်သူများ သေဆုံးဒဏ်ရာရရှိခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။

ပြည်ပသြဇာခံတွေဟာ ပြည်ပနယ်ချဲ့သမားတွေရဲ့ အကွက်ဆင်ဖန်တီးချက်တွေကို ပြည်တွင်းနဲ့ ပြည်ပမှာ ဟန်ချက်ညီညီ လုပ်ဆောင်လာတာတွေ့ရပါတယ်။

သဘာပတိကြီးခင်ဗျား–

ဒီလုပ်ရပ်တွေအားလုံးကို ဆက်စပ်ကြည့်မယ်ဆိုရင် ပြည်ပသြဇာခံတွေဟာ ပြည်ပနယ်ချဲ့သမားတွေရဲ့ အကွက်ဆင်ဖန်တီးချက်တွေကို ပြည်တွင်းနဲ့ ပြည်ပမှာဟန်ချက်ညီညီ လုပ်ဆောင်လာတာတွေ့ရပါတယ်။ ပြည်တွင်းမှာ မတည်ငြိမ်မှုတွေ ပေါ်ပေါက်ပြီး အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး ပျက်ပြားလာရင် အလစ်အငိုက်မှာ ပွဲလန့်တုန်းဖျာခင်းမယ့် နယ်ချဲ့တွေရဲ့လုပ်ရပ်ကို ထင်ထင်ရှားရှားတွေ့လာရပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုများဟာ ပြည်တွင်းအားကိုခိုင်မာစွာ တည်ဆောက်ပြီး ကျောချင်းကပ်၊ ရင်ချင်းကပ်လို့ နိုင်ငံရေးသတိနဲ့ တန်ပြန်ချေမှုန်းကြဖို့ လိုအပ်လာပါပြီခင်ဗျား။

အခုလို ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့က ပြည်ပမှာ ရှမ်းပြည်နယ် ခွဲထွက်ရေး၊ ရှမ်းနိုင်ငံတော် ထူထောင်ရေး ကြေညာချက်တွေနဲ့ ပြည်ထောင်စုကြီးပြိုကွဲအောင် လုပ်ဆောင်ကြံဆောင်နေသလို ပြည်တွင်းမှာလဲ KNU, SSA, KNPPနှင့် NCGUB°တို့ဟာ အမြင်ကျဉ်းမြောင်းတဲ့ လူမျိုးရေးစိတ်ဓာတ်ကို အခြေခံပြီး အဖျက်အမှောင့်လုပ်ရပ်တွေကို တစ်ချိန်တည်းတစ်ပြိုင်တည်း ဟန်ချက်ညီညီ အစီအမံရှိရှိလုပ်ကိုင်ပြီး နိုင်ငံတော်ကြီး ဖရိုဖရဲပြိုကွဲအောင် လုပ်ဆောင်နေပါတယ်။

ဒါတွေဟာ နယ်ချဲ့လက်ပါးစေတို့က အချိန်ယူစီမံထားရှိပြီး ပြည်ပရဲ့ ညွှန်ကြားချက်အတိုင်း အစဉ်တစိုက်လုပ်ကိုင်လာတဲ့ လုပ်ရပ်တွေဖြစ်ပါတယ်။ ဒီလုပ်ရပ်တွေအားလုံးဟာ ပြည်ထောင်စုကြီးပြိုကွဲပြီး ကျွန်ဘဝပြန်ရောက်မယ့် လမ်းစဉ်ဖြစ်တာကြောင့် ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ် ခွဲထွက်ရေးကြေညာချက်အား လည်းကောင်း၊ KNU, SSA, KNPPနှင့် NCGUB°တို့၏ လူမဆန်သည့်ယုတ်မာရက်စက်သော လုပ်ရပ်များအားလည်းကောင်း ဒေသခံတိုင်းရင်းသား ပြည်သူများက တစ်ခဲနက်ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကိုတိကျခိုင်လုံစွာဖြင့် တင်သွင်းလိုက်ပါတယ်ခင်ဗျား။ ။

ပင်မတာမံစစ်ဆေး

မေ ၉ ရက်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ပဲခူးတိုင်း အုတ်တွင်းမြို့နယ်တွင် တည်ဆောက်နေသော ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။
(လယ်ယာဆည်မြောင်း)

ကချင်ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အကြို့ညီလာခံ(၂၀၀၅)ကျင်းပ

ရန်ကုန် မေ ၁၂

ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို မေ ၁၀ ရက် နံနက် ၁၁ နာရီခွဲတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမဥ္စကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နာယက ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး၊ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော် အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ကချင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့က ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကား ပြောကြားသည်။

ယင်းနောက် ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့သို့ အလှူငွေ ပေးအပ် လှူဒါန်းကြရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၁၁၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က ငွေကျပ် ၃၅သိန်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ငွေကျပ် နှစ်သိန်းစီအပါအဝင် အလှူရှင် အသီးသီးက စုစုပေါင်းငွေကျပ် ၁၈၃၇၈၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် အခမ်းအနား ပထမပိုင်း အစီအစဉ်များကို ခေတ္တရပ်နားပြီး မွန်းလွဲ ၁ နာရီခွဲတွင် ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဗိုလ်မှူးဂျန်မာလ (အငြိမ်းစား)နှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် ဗိုလ်ကြီးစိုးမောင် (အငြိမ်းစား)နှင့် တပ်ကြပ်ကြီးစိုးနိုင် (အငြိမ်းစား)တို့က ဆောင်ရွက်ကြပြီး အစီအစဉ်အရ သဘာပတိ ဗိုလ်မှူးဂျန်မာလ (အငြိမ်းစား)က အစည်းအဝေးသို့ စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်ရေး အဖွဲ့ဝင် ၁၅၃ ဦးရှိသည့်အနက် ၁၄၇ ဦး တက်ရောက်ခဲ့ကြသဖြင့် ၉၅ရာခိုင်နှုန်း တက်ရောက်ခဲ့ခြင်းကြောင့် အစည်းအဝေး အထမြောက်ကြောင်း ကြေညာပြီး အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (၂၀၀၅) ခုနှစ် ညီလာခံသို့တင်သွင်းမည့်ကချင်ပြည်နယ်အကြိုညီလာခံမှလုပ်ငန်းအစီရင်ခံစာများကို ပြည်နယ်ကြီးကြပ်ရေး အဖွဲ့ဝင် ဗိုလ်မှူးတင်ချို(အငြိမ်းစား) ကဖတ်ကြားတင်ပြပြီး ကချင်ပြည်နယ် အကြိုညီလာခံသို့ တင်သွင်းသည့် အမျိုးသားနိုင်ငံရေးကဏ္ဍနှင့်စပ်လျဉ်း၍ခရိုင်ကြီးကြပ်ရေးအဖွဲ့ဝင် ဗိုလ်ကြီးမြတ်စိုး(အငြိမ်းစား)ကလည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး ကဏ္ဍဆိုင်ရာများနှင့် စပ်လျဉ်း၍ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဝင် ဗိုလ်ကြီးကြင်ဆိုင်ကလည်းကောင်း၊ စီးပွားရေးကဏ္ဍကို ပြည်နယ်ကြီးကြပ်ရေး အဖွဲ့ဝင် ဗိုလ်မှူးအောင်ဝင်းက လည်းကောင်း၊ လူမှုရေးနှင့်သက်သာချောင်ချိရေးကဏ္ဍနှင့်စပ်လျဉ်း၍ ခရိုင်ကြီးကြပ်ရေးအဖွဲ့ဝင် ဗိုလ်ကြီးစောအေးကို (အငြိမ်းစား)ကလည်းကောင်း၊ ပြည်သူ့အကျိုးပြုကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်နယ်ကြီးကြပ်ရေး အဖွဲ့ဝင် ဗိုလ်မှူးအောင်ရွှေကလည်းကောင်း အသီးသီးဆွေးနွေး တင်ပြကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲ ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပ ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးတင်ပြ

ရန်ကုန် မေ ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မေ ၇ ရက်နံနက် ၇ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီတော်အနီးရှိ အောင်မင်္ဂလာခန်းမ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲအခမ်းအနားတွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအသီးသီးမှ လူငယ်ကိုယ်စားလှယ်များက သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မောင်အောင်စောသန်းက ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

ရခိုင်ပြည်နယ်

အစီအစဉ်အရ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မောင်အောင်စောသန်းက ဆွေးနွေးတင်ပြရာတွင် မိမိတို့ ရခိုင်ပြည်နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ အနောက်ဘက်အစွန်ဆုံးတွင် တည်ရှိပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၂၀၀ကျော် ကျယ်ဝန်းပါကြောင်း၊

သံတွဲမြို့နယ်တွင် သူဌေးချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် အမ်းမြို့နယ်တွင် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်နေ

ရခိုင်ပြည်နယ်တွင်လူဦးရေ ၃၀၄၅၀၀၀ ကျော်နေထိုင်ပြီး ရခိုင်တိုင်းရင်းသားများနှင့်အတူ ဗမာ၊ချင်း၊မြို၊သက်၊ခမီး၊ ဒိုင်းနက်၊ မာရမာကြီး စသည့်လူမျိုးတို့သည် ပြည်ထောင်စုငယ်တစ်ခု အသွင်စုပေါင်းနေထိုင်ကြပါကြောင်း၊ တစ်စတုရန်းမိုင်တွင် လူဦးရေ ၂၁၅ ဦး နေထိုင်ကြပါကြောင်း၊ ရခိုင်ပြည်နယ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးမှာ ၁၉၈၈ ခုနှစ်တွင် ဖွံ့ဖြိုးရေးဒေသမရှိခဲ့ရာ ယခုအခါ ဖွံ့ဖြိုးရေးဒေသ တစ်ခုရှိလာပြီဖြစ်ပါကြောင်း၊လမ်း

ဆွေးနွေးတင်ပြ

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မောင်ကျော်ရဲထွဋ်က ဆွေးနွေး တင်ပြစဉ်။
(သတင်းစဉ်)

ပန်းဆက်သွယ်ရေးအနေဖြင့် ယခင်က မြို့ပြလမ်း ၁၈၄မိုင်ရှိရာမှ ယခုအခါ ၂၂၄မိုင်ကို ဖောက်လုပ်ပေးခဲ့ပါကြောင်း၊ ထို့အပြင် ကားလမ်းများအနေဖြင့် ၁၃၅မိုင်ရှိရာမှ မိုင်၂၃၀ အထိလည်းကောင်း၊ မြေသားလမ်းမိုင် ၂၀ ရှိရာမှ ၁၁၉ မိုင်အထိလည်းကောင်း ဖောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ယခင်က ပေ ၁၈၀အထက် တံတား ၁၁စင်းသာ ရှိခဲ့ရာမှ ယခု ၄၇စင်းအထိ ရှိလာပြီး ပေ ၁၈၀အောက်တံတားမှာ ယခင်က ၁၄၂၈စင်းရှိရာမှ ယခုအခါ ၃၂၆စင်း ရှိလာပြီဖြစ်ပါကြောင်း။

ပို့ဆောင်ရေး

ပို့ဆောင်ရေးကဏ္ဍမှာရေကြောင်း ပို့ဆောင်ရေးအနေဖြင့် ဆိပ်ခံတံတား လေးစင်းသာရှိရာမှ ယခုအခါ ခြောက်စင်းအထိ ရှိလာပြီဖြစ်ပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍတွင် ယခင်က စာတိုက် ၆၁ခုရှိရာမှ ယခု ၈၁ခုကို လည်းကောင်း၊ကြေးနန်းရုံး ၁၉ရုံးမှ ၂၅ ရုံးအထိလည်းကောင်း၊ဖက်စ် တစ်ခုရှိရာမှ ဖက်စ် ၃၀ အထိလည်းကောင်း၊ ကွန်ပျူတာကြေးနန်း မရှိခဲ့ရာမှ ကွန်ပျူတာကြေးနန်း နှစ်ခု အထိလည်းကောင်း တည်ဆောက်ပေးခဲ့ပါကြောင်း၊ ထို့အပြင် မိုက္ကရိုဝေ့ဗ်စခန်း ခုနစ်ခုရှိရာမှ ၁၄ခုအထိ လည်းကောင်း၊ကျေးလက်တယ်လီဖုန်း ရှစ်ခုကိုလည်းကောင်း၊ e-mail, Internetတစ်ခု၊ ဂြိုဟ်တုဆက်သွယ်ရေးစခန်းသုံးခုကို လည်းကောင်း အသစ် တည်ဆောက်ပေးခဲ့ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ယခင်က ဆည်၊တာတမံ ၂၆ ခုရှိခဲ့ရာမှ ယခုအခါ ၃၂ ခုအထိလည်းကောင်း၊ မြစ်ရေတင်စီမံကိန်း သုံးခုကိုလည်းကောင်းတည်ဆောက်ပေးခဲ့ပါကြောင်း၊ ထို့ကြောင့် ယခင် မိုးစပါးဧက ၇၉၀၉၉၀ ရှိခဲ့ရာမှ ယနေ့ မိုးစပါးဧက ၁၀၀၃၄၇၄ ဧကကို လည်းကောင်း၊ နွေစပါးစိုက်ဧက လုံးဝ မရှိခဲ့ရာမှ နွေစပါး ၁၂၃၆ ဧကကို လည်းကောင်း စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ ဆီထွက်သီးနှံစိုက်ဧကမှာ ယခင်က ၂၇၆၂၆ ဧကရှိခဲ့ရာမှ ယခု ၁၅၈၇၈၃ ဧက အထိစိုက်ပျိုးနိုင်ခဲ့ပါကြောင်း။

ပုစွန်မွေးမြူရေး

မွေးမြူရေးကဏ္ဍမှာဆိုလျှင် ယခင်က ပုစွန်မွေးမြူမှုမရှိခဲ့သော်လည်း ယခုနိုင်ငံတော်ကပံ့ပိုးကူညီမှုဖြင့် ပုစွန် မွေးရေပြင်ဧက ၁၅၅၅၃၃ ဧကအထိရှိလာပါကြောင်း၊ ပုဂ္ဂလိကစက်ရုံများမှာ ယခင်က ၄၄၂ ရုံသာရှိခဲ့ရာမှ ယခုအခါ ၁၅၀၅ ရုံအထိရှိလာခဲ့ပါကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် တင်ပြရလျှင် ယခင်က အခြေခံပညာကျောင်းပေါင်း၂၃၇၄ ကျောင်းရှိခဲ့ရာမှ ယခုအခါ ၂၆၉၉ကျောင်းအထိရှိလာပြီး အဆိုပါကျောင်းများတွင် မာတီမီဒီယာ စာသင်ခန်း ၆၄ ခုနှင့် e-Learning Center ၂၆ ခုကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ အဆင့်မြင့်ပညာရေးကဏ္ဍတွင် ယခင်က ကောလိပ် တစ်ကျောင်းသာရှိခဲ့ရာမှ ယခု တပ်မတော်အစိုးရလက်ထက်တွင် တက္ကသိုလ် တစ်ကျောင်း၊ e-Learning Center ၂၇ ခု၊ အစိုးရနည်းပညာ ကောလိပ် တစ်ကျောင်း၊ ကွန်ပျူတာ ကောလိပ် တစ်ကျောင်း၊ လက်မှုလုပ်ငန်းပညာသင်ကျောင်းတစ်ကျောင်း၊ စက်မှုသိပ္ပံ တစ်ကျောင်း၊ ပညာရေးကောလိပ် တစ်ကျောင်းတို့ကို တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင် ယခင်က ဆေးရုံ ၃၆ ရုံသာရှိခဲ့ရာမှ ယခုအခါ ၄၂ ရုံအထိရှိလာပြီး ယခင်ကမရှိခဲ့သည့် တိုင်းရင်းဆေးရုံတစ်ရုံကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

ရေအားလျှပ်စစ်စီမံကိန်း

ဆက်လက်ပြီး လျှပ်စစ်စွမ်းအားကဏ္ဍကိုတင်ပြရမည်ဆိုလျှင် ယခင်က လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ယူနစ်နာရီသန်းပေါင်း ၄ ဒသမ ၁၁၁ သာ ရှိခဲ့ရာမှ ယခုအခါ ယူနစ်နာရီသန်းပေါင်း ၉ ဒသမ ၃၅ အထိရှိလာခဲ့

ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံ ၂၂၀သာရှိခဲ့ရာမှ ယခု ရန်ကုန်တိုင်း၌ ၂၇၄ ခု အထိ တိုးချဲ့တည်ဆောက်နိုင်ခဲ့

ပါကြောင်း၊ ထို့အပြင် ယခုအခါ သံတွဲမြို့နယ်တွင် မဂ္ဂါဝပ် ၁၀၀ ထုတ်ယူရရှိနိုင်မည့် သူဌေးချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် အမ်းမြို့နယ်မှာ ၁၅ မဂ္ဂါဝပ်ထုတ်ယူနိုင်မည့် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းကိုလည်း စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း တင်ပြအပ်ပါကြောင်း။

သစ်တောကဏ္ဍတွင် ယခင်ကကြိုးဝိုင်းတော စတုရန်းမိုင် ၆၄၅ မိုင်သာ ရှိခဲ့ရာမှ ယခုအခါ ကြိုးဝိုင်းတော ၈၁၇ စတုရန်းမိုင်၊ ကြိုးပြင်ကာကွယ်တော ၁၂၂၆ စတုရန်းမိုင်၊ သဘာဝနယ်မြေဧရိယာ ၆၆၇ ဒသမ ၈၈ စတုရန်းမိုင်အထိ တိုးချဲ့သတ်မှတ်နိုင်ခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် ပြည်သူများနှင့်အတူ ကျေးလက်မြေသားလမ်း ၃၉ မိုင် ငါးဖာလုံကို ဖောက်လုပ်ပေးခဲ့ပြီး ယင်းလမ်းများပေါ်တွင် ကျောက်ချောလမ်း ခြောက်မိုင်ကို လမ်းခင်းပေးနိုင်ခဲ့ပါကြောင်း၊ ကျေးလက်ကျန်းမာရေးကဏ္ဍတွင် ငွေကျပ် ၁၄၃၇၄၀၀ ကိုလည်းကောင်း၊ ကျေးလက်ရေရရှိရေးကဏ္ဍတွင် ကန်ကြီး သုံးကန်နှင့် ငွေကျပ် ၁၄၉၁၀၀၀ ကိုလည်းကောင်း၊ ကျေးလက်ပညာပေး ကဏ္ဍတွင် ငွေကျပ် ၂၆၆၅၃၅၀ ကိုလည်းကောင်း သုံးစွဲကူညီဆောင်ရွက်ပေးခဲ့ပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ရန်ကုန်တိုင်း

ဆက်လက်၍ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ မောင်ကျော်ရဲထွဋ်ကဆွေးနွေးတင်ပြရာတွင် မိမိအနေဖြင့် ရန်ကုန်တိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများကို အစီရင်ခံတင်ပြသွားမှာဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းသည် ဧရိယာစတုရန်းမိုင်ပေါင်း ၃၉၂၇ မိုင်ကျယ်ဝန်းပြီး လက်ရှိ လူဦးရေ ၆၃၆၉၀၀၀ ရှိကာ တိုင်းရင်းသားပေါင်းစုံနေထိုင်ကြသည့် ပြည်ထောင်စုငယ်လေးတစ်ခုဖြစ်ပါကြောင်း၊ ပျမ်းမျှလူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၁၆၂၂ ဦး နေထိုင်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းတွင် ခရိုင်လေးခရိုင်၊ မြို့နယ် ၄၅ မြို့နယ်နှင့် ရပ်ကွက်၊ကျေးရွာ ၁၂၆၅ ခုရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်အင်အား ၃၂၂၈၀၅၄ ဦး ရှိပါကြောင်း။

တိုးတက်လာ

ပညာရေးကဏ္ဍအနေဖြင့် ယခင်က အခြေခံပညာကျောင်းပေါင်း ၂၃၇၄ ကျောင်းသာရှိခဲ့ရာမှ ယခုအခါ အခြေခံပညာကျောင်းပေါင်း ၂၆၆၇ ကျောင်းအထိ တိုးတက်လာခဲ့ပါကြောင်း။

အထက်တန်းကျောင်း ၂၁၇ ကျောင်းတွင် Multi Media စာသင်ခန်းများ တပ်ဆင်ပေးနိုင်ခဲ့ပြီး e-Learning Centre ၆၉ခု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကိုးခုနှင့် တက္ကသိုလ်ကောလိပ်၊ ဒီဂရီကောလိပ် စုစုပေါင်း ၁၂ခုအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

သိပ္ပံနှင့် နည်းပညာကဏ္ဍတွင်လည်း ယခင်က နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် စုစုပေါင်း နှစ်ခုသာရှိခဲ့ရာမှ ယခုအခါ နည်းပညာတက္ကသိုလ်နှစ်ခုအပြင် နည်းပညာကောလိပ်နှစ်ခုကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

တိုးချဲ့စိုက်ပျိုးလာနိုင်

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် ယခင်က ဆည်၊ကန်၊တာတမံ၊ရေနုတ်မြောင်း ၅၈ ခုသာရှိကာ သီးထပ်ဧက ၁၅၇၁၄၅ ဧက၊ မိုးစပါး ၁၂၂၅၈၂၃ ဧက၊ ပဲမျိုးစုံ ၁၇၂၀၅ဧက၊ ကြံ ၁၀၁၃ ဧက၊ ဂျော်ဘာ ၅၀၉၄ ဧကသာစိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ ဆည်၊ ကန်၊ တာတမံ၊ ရေနုတ်မြောင်း ၇၅ ခု၊ မြစ်ရေတင်လုပ်ငန်း ၂၃ ခုအထိ တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ပြီး သီးထပ်ဧက ၅၃၉၄၁၂ ဧက၊ မိုးစပါး ဧက ၁၁၈၈၈၇၀၊ နွေစပါး ၁၆၂၇၈၃ ဧက၊ ပဲမျိုးစုံ ၃၅၅၃၉၂ ဧက၊ ကြံ ၁၂၃၄၃ ဧက၊ ဂုန်လျှော် ၁၀၇၃ ဧက၊ ဂျော်ဘာ ၂၉၄၂၄ ဧကအထိ တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့ပါကြောင်း။

မွေးမြူရေးကဏ္ဍ အနေဖြင့်လည်း ယခုအခါ ရန်ကုန်တိုင်းတွင် ငါးမွေးမြူရေးကန်ဧက ၅၀၇၈၆ ဒသမ ၅၄ ဧက၊ စပါးငါး တွဲဖက်စိုက်ပျိုးမှုဧက ၂၀၈၀ အထိ တိုးချဲ့မွေးမြူနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ကျွဲ၊ နွား၊ ကြက်၊ ဘဲ၊ ဝက် စသည်တို့ကိုလည်း တိုးချဲ့မွေးမြူလျက်ရှိပါကြောင်း။

စက်မှုလက်မှု ကဏ္ဍတွင်လည်း ယခင်ကနိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ ၁၉၄ ရုံသာရှိခဲ့ရာမှ ယခုအခါ စက်မှုဇုန်လေးဇုန်တွင် ပုဂ္ဂလိကစက်ရုံ ၅၇၈၆ ရုံ၊ အိမ်တွင်းစက်မှုလက်မှု ၄၈၃၃ ခုနှင့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ ၂၄၁ရုံအထိ တိုးချဲ့နိုင်ခဲ့ပါကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် ယခင်က ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံ စုစုပေါင်း ၂၂၀ သာရှိခဲ့ရာမှ ယခုအခါ ၂၇၄ ခုအထိ တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့်လည်း ရန်ကုန်တိုင်းတွင် ယခင်က စာတိုက်စခန်း ၆၈ ခု၊ ကြေးနန်းရုံး ၃၂ ခု၊ တယ်လီဖုန်းတိုက်ရိုက်လိုင်း ၃၅၃၅၇ လိုင်းသာရှိခဲ့ရာက ယခုအခါ စာတိုက်စခန်း ၁၀၃ ခု၊ ကြေးနန်းရုံး ၅၀၊ ကွန်ပျူတာကြေးနန်း ၁၁ ခု၊ တယ်လီဖုန်းတိုက်ရိုက်လိုင်း ၂၀၀၅၀၆ လိုင်း၊ CDMA တယ်လီဖုန်းလိုင်း ၂၈၂၈၈ လိုင်း၊ GSM တယ်လီဖုန်းလိုင်း ၂၃၂၄၆ လိုင်း၊ အီးမေးလ်၊ အင်တာနက် ၅၄၃၉ လိုင်းအထိ တိုးချဲ့သုံးစွဲလျက်ရှိပါကြောင်း။

ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးတွင် ရန်ကုန်တိုင်းအနေဖြင့် မြို့တော်ကို ဗဟိုပြုထားသဖြင့် အထိုက်အလျောက် အဆင်ပြေလျက်ရှိပါကြောင်း၊ ယခင်က ရန်ကုန်တိုင်းတွင် ရထားလမ်းခရီးမိုင် ၁၀၉ ဒသမ ၂၅ မိုင်၊ လေယာဉ်ကွင်း သုံးကွင်း၊ ပြည်တွင်းသင်္ဘောဆိပ်ခံတံတား ၃၆ ခု၊ နိုင်ငံခြားသင်္ဘောဆိပ်ခံတံတား ၁၃ ခု၊ ကတ္တရာလမ်းမိုင် ၂၂၈ မိုင်၊ ကျောက်ခင်းလမ်း ကိုးမိုင်၊ အမာခံလမ်း ခြောက်မိုင် စုစုပေါင်း ၂၄၃ မိုင်နှင့် ပေ ၁၈၀အထက် တံတား ခုနစ်စင်း၊ ပေ ၁၈၀ အောက် တံတား ၄၅ စင်းသာရှိခဲ့ရာမှ ယခုအခါ ရထားလမ်းမိုင် ၁၄၇ဒသမ၅၁ မိုင်၊ လေယာဉ်ကွင်း သုံးကွင်း၊ ပြည်တွင်းသင်္ဘောဆိပ်ခံတံတား ၅၄ ခု၊ နိုင်ငံခြားသင်္ဘောဆိပ်ခံတံတား ၂၉ ခု၊ ကတ္တရာလမ်းမိုင် ၃၂၈ ဒသမ ၄ မိုင်၊ ကျောက်ခင်းလမ်း ၆၂ ဒသမ ၅မိုင်၊ အမာခံလမ်း ၇၂ဒသမ၇ မိုင်၊ မြေသားလမ်း ၇၉ ဒသမ ၄ မိုင် စုစုပေါင်း ၅၄၃ဒသမ ၄ မိုင်နှင့် ပေ ၁၈၀ အထက်တံတား ၃၇ စင်း၊ ပေ ၁၈၀ အောက် တံတား ၉၇ စင်းအထိ တိုးတက်တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

အစိုးရကွန်ပျူတာကောလိပ်နှင့် အစိုးရနည်းပညာကောလိပ်ဖွင့်လှစ်ပေးခဲ့ အနာဂတ်တွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာတော့မည်

စာမျက်နှာ ၁၂ မှ

လူ့စွမ်းအားဖွံ့ဖြိုးရေး

လူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်က လေ့ကျင့်ပျိုးထောင် မြေတောင်မြှောက်ပေးလျက်ရှိရာ ရန်ကုန်တိုင်းတွင်တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာသည် တက္ကသိုလ်၊ ရေကြောင်းပညာတက္ကသိုလ်၊ယဉ်ကျေးမှုတက္ကသိုလ်၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်သမဝါယမဒီဂရီကောလိပ်၊ ဗဟိုသမဝါယမ ကောလိပ်၊ ကုန်သွယ်ရေကြောင်း ဒီဂရီကောလိပ်၊ မြို့ပြလေကြောင်းကောလိပ် စသည်ဖြင့် အသီးသီးဖွင့်လှစ်၍ ပြည်ထောင်စုနှင့် လူ့စွမ်းအား ဖွံ့ဖြိုးရေးအတွက် ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း။

မြို့ရွာများ စည်ပင်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်နှင့်အတူ ပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရန်ကုန်တိုင်းတွင် ၁၉၈၈ခုနှစ်က မြို့ပြလမ်း ၁၄၇ ဒသမ ၆ မိုင်၊ ကျေးလက်လမ်း ၂၃၉ ဒသမ ၄ မိုင်သာ ရှိခဲ့ရာမှ ယခု အခါ မြို့ပြလမ်း ၁၈၄ ဒသမ ၂ မိုင်၊ မြို့ပြတံတား ၅၀၉ ခု၊ ကျေးလက် လမ်း ၈၉၄ ဒသမ ၁ မိုင်၊ ကျေးလက် တံတား ၂၄၉ ခု၊ ကျေးလက်အိမ်ရာ ၉၉လုံးအထိ တိုးမြှင့်တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

အရှိန်အဟုန်မပျက်

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်လူငယ်များအနေဖြင့် ရန်ကုန်တိုင်း၏ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရာတွင် ကျရာတာဝန်ကို ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံ ဆောင်ရွက်သွားပြီး အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ ချီတက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မောင်စိုင်းလီကော်က ဆွေးနွေးတင်ပြရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် စတုရန်းမိုင်ပေါင်း တစ်သောင်း ခြောက်ထောင်တစ်ဆယ့်ငါးမိုင်ကျယ်ဝန်းပြီး မြန်မာနိုင်ငံ၏ အရှေ့ဖျားတွင် တည်ရှိပါကြောင်း၊ လူဦးရေ ရှစ်သိန်းသုံးသောင်းငါးထောင်လေးဆယ့်တစ်ဦးရှိပြီး တိုင်းရင်းသားလူမျိုးပေါင်း ၄၃ မျိုး စုပေါင်းနေထိုင်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ဖွံ့ဖြိုးရေးဒေသကြီးအဖြစ် ကျိုင်းတုံဒေသကို သတ်မှတ်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝမ်းမြောက်ပျော်ရွှင်

ယခင်က ကျိုင်းတုံ-တာချီလိတ်လမ်းသည်ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ အရေးကြီးသည့် အဓိကပြည်ထောင်စုလမ်းမကြီးဖြစ်သော်လည်း ယခင်က နှစ်ညအိပ် သုံးရက်ခရီးကို လမ်းပန်းဆက်သွယ်ရေး မကောင်းမှုကြောင့် ပင်ပန်းဆင်းရဲကြီးစွာ သွားခဲ့ရပါ

ကြောင်း၊ ယခုအခါ ကျိုင်းတုံ-တာချီလိတ် ကတ္တရာလမ်းမကြီးပေါ်ထွန်းလာပြီဖြစ်သည့်အတွက် အချိန်တို သုံးနာရီအတွင်း သွားလာနိုင်ပြီဖြစ်သဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ပြည်သူလူထုတစ်ရပ်လုံး ဝမ်းမြောက်ပျော်ရွှင်နေကြရပါကြောင်း။

အလားတူ ကျန်းမာရေးကဏ္ဍတွင်လည်း ဆေးရုံပေါင်း၁၉ရုံ၊ နယ်စပ်ဒေသဆေးပေးခန်း ၂၀၊ ကျေးလက်ကျန်းမာရေးဌာန ၂၄ခုအထိ တိုးတက်ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ထို့ပြင် သူနာပြုသင်တန်းကျောင်း၊ တိုင်းရင်းဆေးကုဌာနများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် ကျေးလက်နေပြည်သူလူထုအတွက် နှစ်ထောင်းအားရဖွယ်ဖြစ်ပါကြောင်း။

အခြေခံပညာရေးကဏ္ဍတွင်လည်း အထက်တန်းကျောင်း ၂၄ ကျောင်း၊ အထက်တန်းကျောင်းခွဲနှစ်ကျောင်း၊ အလယ်တန်းကျောင်း ၁၉ ကျောင်း၊ အလယ်တန်းကျောင်းခွဲသုံးကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၃၀၊ အခြေခံပညာမူလတန်းကျောင်း ၅၂၉ ကျောင်းအထိ တိုးတက်လာပြီဖြစ်ပါကြောင်း၊အခြေခံပညာတိုးတက်လာမှု၏ ရလဒ်အဖြစ် ၂၀၀၃/ ၂၀၀၄ တက္ကသိုလ်ဝင်တန်း အောင်ချက် ရာခိုင်နှုန်း (၃၇ဒသမ၃၆) ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါကြောင်း။

စရိုက်သက်သာ

အဆင့်မြင့်ပညာ ကဏ္ဍတွင်လည်း ယခင်က လုံးဝမရှိခဲ့သော အခြေအနေမှ ယခုအခါကျိုင်းတုံဒီဂရီကောလိပ်ကိုဖွင့်လှစ်ပေးလိုက်ခြင်းကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ပညာလိုလားပြီးမိဘနှင့်မကင်းမကွာ ပညာသင်ကြားလိုသူများအတွက် စရိတ်သက်သာပြီး စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ပြီဖြစ်ပါကြောင်း၊ သိပ္ပံနှင့်နည်းပညာကဏ္ဍတွင်လည်း အစိုးရကွန်ပျူတာကောလိပ်တစ်ကျောင်းနှင့် အစိုးရနည်းပညာကောလိပ် တစ်ကျောင်းကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရက ဖွင့်လှစ်ပေးခြင်းကြောင့် အနာဂတ်တွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်ပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကိုတင်ပြရလျှင် ယခင်ကစာတိုက် ၁၁ခုသာရှိခဲ့ပြီး ယခုအခါ ၂၆ခု၊ကြေးနန်းရုံး နှစ်ရုံးသာရှိခဲ့ရာမှ ယခုအခါ ၂၁ရုံး၊ယခင်ကလုံးဝမရှိခဲ့သော်လည်း ယခုအခါအော်တိုတယ်လီဖုန်း ငါးလုံး၊ လက်လှည့်ဖုန်း ၂၈ လုံး၊ ဂြိုဟ်တုဆက်သွယ်ရေးစခန်းနှစ်ခု၊ကယ်ရီယာစခန်း နှစ်ခုနှင့် မိုက္ကရိုဝေ့ဗ်စခန်း ၁၁ခုတို့အား တိုးချဲ့တပ်ဆင်အသုံးပြုနေပြီဖြစ်ပါကြောင်း။

အထွက်နှုန်းတိုးတက်

ယခုအခါ လယ်ယာစိုက်ပျိုးရေးကဏ္ဍအနေဖြင့် တိုးတက်ဖွံ့ဖြိုးမှုများကို တင်ပြလိုပါကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ စပါးစိုက်ဧကနှစ်သိန်းငါးသောင်းခြောက်ထောင်တစ်ရာခုနစ်ဆယ့်တစ်ဧက တိုးတက်ခဲ့ပြီး အထွက်နှုန်းတစ်ဆယ့်ခြောက်သန်းကိုးသိန်းခုနစ်သောင်းလေးထောင်ငါးရာ တစ်ဆယ်တင်းထွက်ရှိခဲ့ပါကြောင်း၊အခြားသီးနှံများဖြစ်သည့် ပဲစင်းငုံ ၁၈၇၁ ဧကစိုက်ပျိုးခဲ့ပြီး အထွက်နှုန်း ၈ဒသမ ၀၄တင်း ထွက်ရှိခဲ့ပါကြောင်း၊ အစေ့ထုတ်ပြောင်းဧက ၁၆၃၄၉ စိုက်ပျိုးခဲ့ပြီး အထွက်နှုန်းမှာ ၄၁ ဒသမ ၁၈ တင်းထွက်ရှိခဲ့ပါကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် နှမ်းဧက ၄၁၄၉ ဧကမှ အထွက်နှုန်း ၅ ဒသမ ၇၂တင်း၊ နေကြာ ၈၇၆ဧကမှ အထွက်နှုန်း ၂၁ဒသမ၆တင်း၊ မြေပဲဧက ၈၃၉၂ဧကမှာ အထွက်နှုန်း ၃၈ဒသမ၉၅တင်းအထိ အထွက်နှုန်းတိုးတက်လာခဲ့ပါကြောင်း၊ သားငါးထုတ်လုပ်မှုကဏ္ဍတွင်လည်း ငါးကန် ၂၃၃၁ကန်မှ ငါး ၈၅၆၀၉ ပိဿာ ထွက်ရှိခဲ့ပါကြောင်း။

လေကြောင်းပို့ဆောင်ရေး ကဏ္ဍတွင်လည်း ကျိုင်းတုံမြို့၌ ဂျက်လေယာဉ်ဆင်းသက်နိုင်သည့် လေယာဉ်ကွင်း တစ်ကွင်း တည်ဆောက်နိုင်ခဲ့ပြီး လေယာဉ် ခရီးစဉ်များတိုးချဲ့ ပျံသန်းလျက်ရှိခြင်းကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် အခြားပြည်နယ်၊တိုင်းဒေသများကို အချိန်တိုအတွင်းသွားလာနိုင်ပြီဖြစ်ပါကြောင်း။

စွမ်းအင်ကဏ္ဍတွင်လည်း ရေအားလျှပ်စစ်အနေဖြင့် မိုင်းလပ်ရေအားလျှပ်စစ် ကီလိုဝပ် ၄၈၀၊ မိုင်းခွန်ရေအားလျှပ်စစ် ၃ မဂ္ဂါဝပ်၊ မိုင်းဆတ်ရေအားလျှပ်စစ် ၁ဒသမ၂မဂ္ဂါဝပ်တို့ ရရှိသုံးစွဲနေပြီဖြစ်ပါကြောင်း။

အင်တိုက်အားတိုက်ပါဝင်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်စုစုပေါင်းသည် ယခုအခါ နှစ်သိန်းသုံးသောင်းငါးထောင် ခြောက်ရာ လေးဆယ်ဦးရှိခဲ့ပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်များကို မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးတင်ပြသွားသည်။

(ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအသီးသီးမှလူငယ်ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များကို ဆက်လက်ဖော်ပြသွားပါမည်။)

(သတင်းစဉ်)

ဆွေးနွေးတင်ပြ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ မောင်စိုင်းလီကော်ကဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

မေ ၁၂ ရက်က အစ္စရေးနိုင်ငံ၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mrs. Ruth Schatz က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

အချို့ဆိုရင် ကိုယ်လက်အင်္ဂါတွေ ဆုံးရှုံးခဲ့ရပါတယ်။ ယခုလို မြို့ကြီးပြကြီးတွေကို ပြည်သူလူထုအသွင်ဆောင် ရောနှောဝင်ရောက်ပြီး အလစ်အငိုက်ဖုံးခွဲသတ်ဖြတ်နေတာ၊ တောထဲတောင်ထဲမှာ လက်ရဲဇက်ရဲ လူသတ်ပွဲဆင်နွှဲနေတာတွေကို ဘယ်သူ့အတွက်လဲလို့ မေးလိုက်ချင်ပါတယ်ခင်ဗျား။

နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို နှောင့်ယှက်ဟန့်တားနေတာဟာ နိုင်ငံတော်ကိုပျက်စီးအောင် လုပ်ဆောင်နေတာဖြစ်ပါတယ်။ ပြည်သူလူထုအကျိုးစီးပွားပျက်စီးအောင်၊ ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်အောင်လုပ်နေသူတွေဟာ အဖျက်သမားတွေပဲ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ တိုးတက်ဖြစ်ထွန်းနေတာကို အပြုသဘောနဲ့ အကောင်းမမြင်ဘဲ ဖျက်လိုဖျက်ဆီးလုပ်နေတာ ပုဆိန်ရိုးတွေပဲ ဖြစ်ပါတယ်။ အဲဒီ အမိနိုင်ငံတော်ကို ဖျက်ဆီးမယ့် ပြည်ပ နယ်ချဲ့သမားများရဲ့ နောက်တော်ပါ အသုံးတော်ခံတွေဟာ အမျိုးသားသစ္စာဖောက်တွေ ဖြစ်ကြပါတယ်။ ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားတွေဟာ အမျိုးသားရေးဦးတည်ချက်ဖြစ်တဲ့ **"ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"** ဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဘယ်သောင်းကျန်းသူ၊ ဘယ်အဖျက်သမားကိုမှ မထောက်ခံကြပါဘူး။

ဒါ့ကြောင့် အဆိုရှင် ဦးစိုင်းရှဲန်ခမ်း တင်သွင်းသွားတဲ့ ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဒေသခံတိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံလိုက်ရပါတယ် ခင်ဗျား။ ။

စာမျက်နှာ ၇ မှ

သဘာပတိကြီးခင်ဗျား-

ကျွန်တော်တင်ပြခဲ့ပြီးဖြစ်သလို နိုင်ငံတော်အစိုးရအနေနဲ့ ကာလတိုတိုအတွင်းမှာ ငြိမ်းငြိမ်းချမ်းချမ်းဖွံ့ဖြိုးတိုးတက်ပြီး အင်အားတောင့်တင်းလာတာကို မနာလိုမရှုဆိတ်တဲ့ အင်အားကြီးအနောက်အုပ်စုတို့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကျွန်ဘဝတစ်ဖန်ပြန်ရောက်ရအောင် အကွက်ဆင်၊ ဖန်တီးချက်တွေနဲ့ ဆောင်ရွက်လာပါတယ်။ ပထမခြေလှမ်းအဖြစ် မြန်မာနိုင်ငံကနေသစ္စာဖောက်ဖျက်ပြီး ထွက်ပြေးသွားတဲ့ စဝ်ခမ်ဖလိုလူကို အမဲရိုးအပေါ်ဒေါ်လာချပ်တွေကပ်ပြီး မဝတစ်ဝပစ်ကျွေး၊ ခိုင်းလိုရာကိုခိုင်းခဲ့ပါတယ်။ ဒါ့ကြောင့်လဲ အမဲရိုးဟပ်ထားရတဲ့ကျေးဇူးတရားကို စောင့်သိပြီး အမိနိုင်ငံတော်ကြီး ပြိုကွဲစေမယ့် လုပ်ရပ်ဆိုတာ သိမြင်ပေမယ့် သူ့ရဲ့ကောင်းဟန်ဝင့်လို့ ဧပြီလ ၁၇ ရက်နေ့က ရှမ်းနိုင်ငံတော်သမ္မတအဖြစ် ခံယူခဲ့ပုံများ၊ သိကြားမင်းကြီးက သူ့ရဲ့ ခွေးသားရေပုရပိုက်မှာ စဝ်ခမ်ဖကျေးဇူးကန်းပုံကို မှတ်တမ်းတင်ထား လောက်ပါပြီခင်ဗျား။

သဘာပတိကြီးခင်ဗျား-

ရှမ်းပြည်နယ်ကိုခွဲထွက်ဖို့ ရှမ်းစော်ဘွားအချို့က ၁၉၆၀ ပြည့်နှစ်ဝန်းကျင်မှာ ကြိုးပမ်းဆောင်ရွက်ခဲ့ပေမယ့် အဲဒီကြိုးပမ်းချက်ကို ထိုစဉ်က ရှိခဲ့တဲ့ပါတီများ၊ အဖွဲ့အစည်းများနှင့် ပြည်သူလူထု တစ်ရပ်လုံးက လက်မခံဘဲ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသလို အခုလှုပ်ရှားဖော်ဆောင်လာတဲ့ ပြည်ပြေးစဝ်ခမ်ဖရဲ့ ရှမ်းပြည်နယ်ကို လွတ်လပ်တဲ့နိုင်ငံအဖြစ် တည်ထောင်ကြောင်းကြေညာခြင်း၊ ရှမ်းပြည်ယာယီအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း၊ ရှမ်းပြည်နယ်ကို စစ်မက်ဇုန်ပမာ ဖန်တီးနေခြင်းတို့ကိုလဲ တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်း အဖွဲ့များ၊ နိုင်ငံရေးပါတီများနဲ့ ဥပဒေဘောင်အတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက တညီတညွတ်တည်း ဆန့်ကျင်ရှုတ်ချ ကန့်ကွက်ခဲ့ပါပြီ။

ဒါ့ကြောင့် အဆိုရှင် ဦးစိုင်းရှဲန်ခမ်း တင်သွင်းတဲ့ စဝ်ခမ်ဖနဲ့အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရေး ကြေညာချက်ကို ရှမ်းတိုင်းရင်းသားညီအစ်ကိုများအားလုံးကိုယ်စား၊ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုများအားလုံးရဲ့ကိုယ်စား ဒီနေရာကနေ ပြတ်ပြတ်သားသား ဆန့်ကျင်ရှုတ်ချလိုက်ပါတယ်ခင်ဗျား။ ။

မြဝတီရုပ်မြင်သံကြား

၁၃-၅-၂၀၀၅
(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၄၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Producer's Equilibrium (ဒုတိယနှစ်-စီးပွားရေး)
- ၅း၃၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ မိုးလေဝသသတင်း
- ၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၄။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၄၈)
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း"** (အပိုင်း-၁၆)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်သူ သူရဲကောင်း"** (အပိုင်း-၈)

ပန်းတစ်ပွင့်တောင်ဆရာတော် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ပန်းတစ်ပွင့်တောင်ဆရာတော် ဘဒ္ဒန္တ ပညာသာရအား ရန်ကုန်မြို့မှ တပည့်ဒါယကာ ဒါယိကာမများက စုပေါင်း၍ ဂုဏဝိသေဠပူဇော်ပွဲကို မေ ၂၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် မဟာသန္တိသုခကျောင်း ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ဆရာတော်၏ တပည့် ဒါယကာ ဒါယိကာမများ ကြွရောက်ကြရန် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီက ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒသမအကြိမ်အစည်းအဝေးကျင်းပမည်

ရန်ကုန် မေ ၁၂

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ဒသမအကြိမ် အထွေထွေအစည်းအဝေးကို ၂၀၀၅ ခုနှစ် ဇွန် ၆ရက် မွန်းလွဲ ၁နာရီတွင် ယုဇနဟိုတယ်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အစီရင်ခံစာများကို အစုရှယ်ယာရှင်များထံ ကြိုတင်ဝေငှပေးပို့ထားပြီးဖြစ်သည်။

ယင်းအစည်းအဝေးအတွက် အစုရှယ်ယာရှင်များထံသို့ ဖိတ်စာ အချိန်မီမရောက်ရှိပါက အစည်းအဝေးသို့ တက်ရောက်ပါရန် ကြေညာထားသည်။

အစုရှယ်ယာများ လွှဲပြောင်းမှတ်တမ်းကို အထွေထွေအစည်းအဝေးပြီးစီးသည်အထိ ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်(၄၀)ပြည့် ပတ္တမြားရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးမြသိန်းထွန်း (ဌာနမှူး၊ သင်တန်း၊ ငြိမ်း၊ ပညာရေးတက္ကသိုလ် ရန်ကုန်)နှင့် **ချစ်မေမေ ဒေါ်ခင်တိုးမြင့်**တို့၏ ၁၃-၅-၂၀၀၅ရက်တွင် ကျရောက်သော နှစ်(၄၀)ပြည့် ပတ္တမြားရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သားသမီး မြေးမြစ်များနှင့်အတူ ဘဝခရီးကို ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သမီးကြီး – ဦးချစ်မောင်(S.A.E၊ တွံတေးတံတား စီမံကိန်း)
ဒေါ်သက်တည်ဦး (မူလတန်းပြ၊ ရန်ကုန်ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးကျောင်း)
သမီးလတ် – ဒေါ်ယဉ်မိုးသက်(နည်းပြ၊ ဂျပန်ဘာသာဌာန၊ YUFL)
သားငယ် – ဦးကျော်သက်လင်း(ရုပ်သံကျွမ်းကျင်–၂၊ MRTV)
ချစ်မြေးများ – မောင်ဟိွုင်ဆန်း(Grade-9, A, TTC)
မောင်ကောင်းဆက်ဟိဏ်း(Grade-5, H, TTC)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

၁၂-၅-၂၀၀၅ရက်နေ့တွင် Royal Garden Restaurant ၌ ကျင်းပပြီးစီးသော **မောင်မြတ်စိုးလင်း**နှင့် **မခင်ဖုန်းမြင့်**တို့၏ မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာစကားပြောကြားပေးပါသော အခမ်းအနားမှူး ဦးသိမ်းလှမော်၊ မင်္ဂလာပန်းကုံးဆင်မြန်းပေးပါသော မုဒုံမြို့နယ်အသင်း(ရန်ကုန်)အတွင်းရေးမှူး ဦးသာလှနှင့်ဇနီး ဒေါ်ခင်ဖုန်းညွန့်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော လေယာဉ်မှူးကြီး ဦးမြဝင်းနှင့်ဇနီး ဒေါ်တင်ကြည်အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပါသော ဒုတိယ ဗိုလ်ချုပ်ကြီးတင်ငွေ (ငြိမ်း)နှင့်ဇနီး ဒေါ်ခင်လှတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မဝါဝါဝင်းလတ်၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ပေးပါသော မအိအိနွယ်၊ မိတ်ကပ် အောင်အောင်နှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော မဟာဗီဒီယိုရိုက်ကူးရေးအဖွဲ့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ Royal Garden Restaurant မှမန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြတ်စိုးလင်း-မခင်ဖုန်းမြင့်။

အမည်ပြောင်း

ဦးခင်စိုး၏သား မောင်ယုမြတ်နိုး ၁၂/ဗဟန (နိုင်)၀၉၆၁၄၆ ဗဟန်း အထက – ၂၊ ဒသမတန်းအား မောင်ဖြိုးလပြည့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဖြိုးလပြည့်။**

အမည်ပြောင်း

ရွှေညောင်မြို့ အထက သတ္တမတန်း B မှ ဦးမောင်မောင်ချူး၏ သမီး မဖြိုးသန္တာကျော်အား ယနေ့မှစ၍ မဖြိုးသဥ္ဇာကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မဖြိုးသဥ္ဇာကျော်။**



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒုတိယစာရင်းစစ်ချုပ် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတက်ရောက်ခဲ့

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၇ ရက်မှ ၁၀ ရက်အထိ မလေးရှားနိုင်ငံ ပူထရာဂျာရာမြို့၌ကျင်းပခဲ့သော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစီအစဉ်အရ မေ၈ရက် နံနက် ၁၀နာရီတွင် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို Putrajaya International Covention Centre အစည်းအဝေး ခန်းမဆောင်ကြီးတွင် ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် မလေးရှားနိုင်ငံဝန်ကြီးချုပ် Dato' Seri Abdullah Haji Ahmad Badawi က အဖွင့်မိန့်ခွန်း ပြောကြားသည်။

ဆက်လက်၍ မွန်းတည့် ၁၂ နာရီတွင် ဝန်ကြီးများအဆင့် အစည်းအဝေးကို အစည်းအဝေး ခန်းမ Hall(B) ၌ဆက်လက်ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ရှေးဦးစွာ မလေးရှားနိုင်ငံ အမျိုးသမီး မိသားစုနှင့် ရပ်ရွာလူထု ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး Dato' Seri Shahrizat Abdul Jalilက ဖွင့်ပွဲအမှာစကား ပြောကြားသည်။ ထို့နောက် ဝန်ကြီးအဆင့် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဘက်မလိုက်နိုင်ငံများမှ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးများက နိုင်ငံအလိုက် မိန့်ခွန်းများ ပြောကြားကြသည်။ မွန်းလွဲပိုင်းတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ Empowerment of Women ခေါင်းစဉ်နှင့် ပတ်သက်၍ အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဆွေးနွေးကြရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံမှ ဘာသာရပ်ကျွမ်းကျင်သူ ပုဂ္ဂိုလ်နှစ်ဦးက ဦးဆောင်ဆွေးနွေးပြီး ဘက်မလိုက်နိုင်ငံများက အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မေ၁၀ရက် နံနက် ၉နာရီတွင် ဝန်ကြီးများအဆင့် အစည်းအဝေးကို အစည်းအဝေးခန်းမ Hall (B) ၌ ဆက်လက်ကျင်းပရာ နိုင်ငံအလိုက်ဝန်ကြီးများက မိန့်ခွန်းများ အသီးသီးပြောကြားကြသည်။ အစီအစဉ်အရ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒေါ်သင်းသင်းက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ မိန့်ခွန်းပြောကြားသည်။ မေ ၇ ရက်မှ ၈ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် အဆင့်မြင့်အရာရှိများ အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းခဲ့ကြသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူထရာဂျာရာ ကြေညာချက်မူကြမ်း Draft Putrajaya Declaration on the Advancement of Women in NAM Countriesကို လည်းကောင်း၊ အစည်းအဝေးအစီရင်ခံစာ Report of the Reproteur-General ကိုလည်းကောင်း ဘက်မလိုက်နိုင်ငံများ၏ ဝန်ကြီးများက အတည်ပြုခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ ဝန်ကြီးအဆင့် အစည်းအဝေးတွင် ဘက်မလိုက်နိုင်ငံ ၈၄နိုင်ငံမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ၊ ကိုယ်စားလှယ်အဖွဲ့များနှင့် လေ့လာသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၅-၂၀၀၅ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	ရေတ်ကောင်းဥယျာဉ်
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	၂၀၀၅ ခုနှစ် နိုင်ငံတကာ ပိုက်ကျော်ခြင်းပြိုင်ပွဲ
၇:၃၅	ပြည်တွင်းသတင်းအကျဉ်း
၇:၄၀	သံချည်သံကွေးအတတ်ပညာ
၇:၅၅	တေးဂီတအစီအစဉ်
၈:၀၀	နိုင်ငံတကာသတင်း အကျဉ်း
၈:၀၅	ဘဝတွက်တာကျွမ်းကျင်စရာ
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	ကိုကြီးနောင် ပြောသော သီချင်းများအကြောင်း (အင်္ဂလိပ်)
၈:၃၅	မိုးလေဝသခန့်မှန်းချက်
၈:၄၀	ရှားပါးသောရေချို ရေငန်စပ်မိကျောင်းများ
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	ပြည်တွင်းသတင်းအကျဉ်း
၉:၀၀	ဂီတဆည်းဆာတေးသံသာ
၉:၃၅	နိုင်ငံတကာသတင်း အကျဉ်း
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	ချင်းရိုးရာဝတ်စားဆင်ယင်မှု
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	Star Album
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	မြန်မာ့ရိုးရာအင်္ဂတေနှင့် ခေတ်မီဘိလပ်မြေ
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	ဝယ်ချင်စရာမျိုးစုံစွာ
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာအစီအစဉ်များကို ည ၂၃:၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဒို့ကျေးရွာဂျာနယ် အတွဲ ၂၊ အမှတ် ၁၀ ထွက်ပါပြီ

ရန်ကုန် မေ ၁၂

ဒို့ကျေးရွာ ဂျာနယ်သည် စာဖတ် ပရိသတ်များအတွက် အသိဝေငှ ပေးလျက်ရှိသော ဂျာနယ်တစ်ဆောင် ဖြစ်သည်။

ဒို့ကျေးရွာ ဂျာနယ်ကို ဖတ်ရှုခြင်းအားဖြင့် အပျင်းလည်းပြေ ပညာဗဟုသုတလည်းရရုံမျှမက လက်တွေ့အကျိုးရှိစေနိုင်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာနည်းပညာများစွာကိုလည်းရရှိနိုင်သည်။(အပေါ်ပုံ)

ယခုအပတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၁၀)တွင် စိတ်ချမ်းသာနည်း၊ တီလားပီးယားငါးမွေးမြူရေးနှင့် အကျိုးကျေးဇူးများ၊ စပါးခွံဓာတ်ငွေ့သုံး၍ ကျေးလက်ဒေသ မီးလင်းပြီ၊ မိုးကြိုနှမ်း၊ ကျေးရွာသုတေသန၊ ကျေးလက်ဒေသမှ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များစသည့် ဆောင်းပါးများအပြင် ဟာသ၊ ကာတွန်း၊ အနုပညာသတင်း၊ ကုန်ဈေးနှုန်း၊ မိုးလေဝသ၊ ဗေဒင်နှင့်အခြားဗဟုသုတရဖွယ်ကဏ္ဍများကို ဖတ်ချင်စဖွယ် ဝေဝေဆာဆာဖြင့် ထည့်သွင်းဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် ၃၀-၃၂၊ ၁၀ လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၂၊ ၂၅၂၄၅၂၊ ၃၇၉၇၆၈ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့နယ်၊ အလုံတပ်မြို့၊ အောင်ကွက်သစ်ရပ်နေ ဦးတင်ဝင်း–ဒေါ်ခင်ဆွေဝင်းတို့၏ သားဖြစ်သူ မောင်ကျော်သန့်ဇင် ၅/မရန(နိုင်) ၁၃၆၄၈၃ သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကို ၎င်း၏ဆန္ဒအလျောက် ပြုမူဆောင်ရွက်ပါသဖြင့် ၅-၅-၂၀၀၅ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဦးတင်ဝင်း–ဒေါ်ခင်ဆွေဝင်း။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၄ လမ်း၊ အမှတ် ၁၀၀ နေ သမီးဖြစ်သူ မနွယ်နွယ်စိုး ၁၂/မဂတ (နိုင်) ၀၀၉၈၁၇ သည် မိမိဆန္ဒအလျောက်ပြုမူပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်၍ နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်လှလှရီ ၁၂/မဂတ(နိုင်)၀၄၉၄၇၇။

ဒေါ်ကြည်ကြည်သင်း ၁၂/မဂတ(နိုင်)၀၅၀၅၂၇ နှင့် အများသိစေရန်

ကျွန်တော် ဦးဝင်းညွန့် ၁၂/ဗဟန(နိုင်)၀၇၉၄၈၇ နှင့် ဒေါ်ကြည်ကြည်သင်း ၁၂/မဂတ(နိုင်)၀၅၀၅၂၇ တို့သည် တရားဝင်ဇနီးမောင်နှံဖြစ်ပါသည်။

ရန်ကုန်တိုင်း၊ အမှတ် ၄၇၄၊ အောင်သုခလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ဟု ခေါ်တွင်သည့် အိမ်နှင့်ခြံမြေသည် လင်မယားနှစ်ဦးပိုင် ဖြစ်ပါသည်။ အဆိုပါ အိမ်နှင့်ခြံမြေအား ကျွန်တော်၏သဘောတူညီချက်မရဘဲ ဒေါ်ကြည်ကြည်သင်း တစ်ယောက်တည်း၏သဘောဆန္ဒဖြင့် ငှားရမ်းခြင်း၊ အခမဲ့ နေထိုင်စေခြင်း၊ ရောင်းချပေါင်နှံခြင်း၊ လွှဲပြောင်းလှူဒါန်းပေးကမ်းခြင်းနှင့် အခြားတစ်နည်းနည်းတို့ကို မပြုလုပ်ရန် ဒေါ်ကြည်ကြည်သင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းညွန့်
၁၂/ဗဟန(နိုင်)၀၇၉၄၈၇။

အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ကျင်းပ

ရန်ကုန် မေ ၁၂

ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့အခမ်းအနားကို မေ ၇ ရက် နံနက် ၈နာရီက ပြုလုပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မော်က အမှာစကားပြောကြား၍ သူနာပြုသင်တန်းကျောင်းအုပ် ဒေါ်တင်ငွေက အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ဆောင်ပုဒ် ယုံကြည်စိတ်ချ လူမှုဘဝပြုစုသည်မှာ သူနာပြုပါ အကြောင်းကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ (၃၅၂)

တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

မန္တလေး မေ ၈

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်သည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပုနှင့်ကော်မတီဝင်များ၊ ဌာနမှူးများလိုက်ပါလျက် မေ ၄ ရက် နံနက် ၇ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၂ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြားသို့ ရောက်ရှိပြီး ၃၁ လမ်းနှင့် ၃၂ လမ်းကြားတွင် အရှည် ပေ ၅၄၀၊ အကျယ် ပေ ၅၀ ရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းရန်အတွက် ကျောက်ခင်းခြင်း၊ ကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး(အပေါ်ပုံ)**ရေစီးဆင်းမှု ကောင်းမွန်ရေးအတွက် လမ်းဘေးရေဆင်းမြောင်းများ စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။**

ဖြည့်ဆည်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် အမရပူရမြို့နယ် ရတနာပုံတက္ကသိုလ် အဝင်လမ်း တောင်သမန်ကန်ပတ်လမ်းအရှေ့ခြမ်းသို့ ရောက်ရှိကြပြီး လမ်းအား ကန်ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် အရှည်ပေ ၁၅၀၀ ကျောက်စီမြေထိန်း နံရံတည်ဆောက်နေမှုကိုလည်းကောင်း၊ တောင်သမန်ကန်အနောက်ခြမ်းတွင် အရှည် ပေ ၂၄၀၀ ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းနှင့်အမြင့် ၈ ပေ၊ အကျယ် ၃၂ ပေ လမ်းသားတိုးချဲ့ခြင်း မြေဖို့ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဦးပိန်တံတားပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ (၁၁၃)

မိုင်းခုတ်မြို့ ရေပေးရေးလုပ်ငန်း ငွေကျပ် ၁၃ သိန်းအကုန်အကျခံ ဆောင်ရွက်မည်

မိုင်းခုတ် မေ ၃

မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့တွင် မြို့ရေပေးရေးလုပ်ငန်းကို မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ရာ မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်၊ စည်ပင်သာယာရေးအဖွဲ့မှ ခရိုင်တာဝန်ခံ ဦးတင့်ဝေတို့သည် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဝင်း (အငယ်တန်း အင်ဂျင်နီယာ ၂) နှင့် မိုင်းခုတ်မြို့ စည်ပင်သာယာရေးအဖွဲ့က တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းဝေတို့နှင့်အတူ မိုင်းခုတ်မြို့ နမ့်ခုတ်ချောင်းအားပိတ်၍ ရေစီးအားဖြင့် အမြင့်တင်ပန့်တပ်ဆင်မည့်နေရာကို ဧပြီ ၁၈ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ **(အောက်ပုံ)**

အဆိုပါ မိုင်းခုတ်မြို့ ရေပေးရေးလုပ်ငန်းအတွက် မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေ ကျပ် ၁၀ သိန်းနှင့် ပြည်သူထည့်ဝင်ငွေ ကျပ်သုံးသိန်း စုစုပေါင်းကျပ် ၁၃သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရောဂါခြောက်မျိုးအား တိုင်းရင်းဆေးဖြင့် ကာကွယ်ကုသရေး ပညာပေးရက်တိုသင်တန်းဆင်းပွဲ ပန်းတနော်၌ကျင်းပ

ပန်းတနော် မေ ၆

ပန်းတနော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ရောဂါခြောက်မျိုးအား မြန်မာတိုင်းရင်းဆေးဖြင့် ကာကွယ်ကုသခြင်း ပညာပေးရက်တိုသင်တန်းဆင်းပွဲ အခမ်းအနားကို မေ၁ ရက် နံနက် ၁၁နာရီက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်၊ ခရိုင်တိုင်းရင်းဆေးကုဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်စွဲ့မိမိအောင်နှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးမြင့်သိန်းတို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားသို့ မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်ရွှေဦးနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် တိုင်းရင်းဆေးကုဌာန ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်နိုင်နိုင်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား သင်တန်းသူ ၁၁၀တို့ တက်ရောက်ကြပြီး သင်တန်းမှာ ရက်သတ္တတစ်ပတ် ဖြစ်သည်။ (၃၂၇)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

အိမ်မဲမြို့နယ် ကညင်ကွင်း–ပျဉ်းမငူ ကျေးလက် ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမျိုးနိုင်၊ မြို့နယ် စည်ပင် သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်နှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ကျောင်းဆောင်သစ်ဆောက်ရန် ပန္နက်တင်မင်္ဂလာကျင်းပ

သပိတ်ကျင်း မေ ၃

ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် တွင်းငယ်ကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဧပြီ ၂၂ရက် နံနက် ၇နာရီက အဆိုပါ ကျောင်းဆောင်သစ် ဆောက်လုပ်မည့် မြေနေရာတွင် ကျင်းပသည်။

အခမ်းအနားတွင် တွင်းငယ်ကျေးရွာ နန္ဒမာလာရာမ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တပညာသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက မြေသန့်မင်္ဂလာ ကျင်းပပြီး ရပ်မိရပ်ဖ ဦးခင်ကြီး၊ စခန်းမှူး ဦးညီညီထွန်းနှင့် အုပ်စုဥက္ကဋ္ဌ ဦးကြည်သောင်တို့က မင်္ဂလာအချိန်တွင် ပန္နက်တင်ပေးကြသည်။

ယခုဆောက်လုပ်မည့် နှစ်ထပ်ကျောင်းဆောင်သစ်မှာ အလျားပေ ၁၄၀၊ အနံပေ ၃၀ရှိပြီး စာသင်ခန်း ရှစ်ခန်းပါ သွပ်မိုး၊ အုတ်ကာ အုတ်ခင်းဖြစ်သည်။ ကျေးရွာပြည်သူများမှ မတည်ငွေကျပ် ၃၇သိန်း အပါအဝင် သိန်း ၂၀၀အကုန် အကျခံဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား တောင်ငူမြို့၌ကျင်းပ

တောင်ငူ မေ ၉

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ၅ရက် နံနက်က တောင်ငူမြို့ ခရိုင်အားကစားကွင်း၌ကျင်းပရာ ပဲခူးတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလွင် တက်ရောက် အမှာစကား ပြောကြားသည်။

တက်ရောက်ကြ

အခမ်းအနားသို့ တိုင်း၊ ခရိုင် ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူများနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ (၃၇၂)

ဝမ်းဘဲအင်းကျေးရွာ မိခင်/ကလေးစောင့်ရှောက်ရေးအသင်း မြတ်ကူန္နာပညာအလင်းရောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ပဲခူး မေ ၅

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး ပဲခူးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်သည် ဧပြီ ၂၆ရက် နံနက် ၈နာရီက ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ယူဖွင့်လှစ်သည့် မြတ်ကူန္နာ ပညာအလင်းရောင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာကြည့်တိုက် အတွက် ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက စာအုပ်များ ပေးအပ်လှူဒါန်းပြီး မြတ်ကူန္နာ ပညာအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌသည် ပျဉ်ပုံကြီးကျေးရွာ အစိုးရ အလယ်တန်းကျောင်းခွဲ၌ ဖွင့်လှစ်ထားသည့် ယဉ်ကျေးမှုသင်တန်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး သင်တန်းသူ သင်တန်းသား ၂၀၀ အတွက် ဗလာစာအုပ် ၆၀၀ကို ထောက်ပံ့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်တွင်းကြီးမြို့ တဝဂူပင်မစေတီနှင့် အရံစေတီများ

ထီးတော်နှင့်စိန်ဖူးတော် တင်လှူပူဇော်

တောင်တွင်းကြီး မေ ၆

တောင်တွင်းကြီးမြို့နယ် မြို့ကျက်သရေဆောင် ဇေယျမင်္ဂလာ ရွှေအင်းတောင် စေတီတော်မြတ်ကြီး ပရဝဏ် အတွင်းရှိ တဝဂူပင်မစေတီတော်မြတ်နှင့် အရံစေတီတော်မြတ်လေးဆူ၊ ရတနာတင်းတိမ်စေတီတော်မြတ်တို့အား တောင်ငူမြို့ (၁၆)ရပ်ကွက် ဗိုလ်မှူးဖိုးကွန်းလမ်းနေ အလှူရှင် ရွှေနှင်းဆီဆေးလိပ်ခုံပိုင်ရှင် သီရိသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အုန်းခင်က မွမ်းမံပြင်ဆင်ပြီး ယင်းစေတီတော်မြတ်များအား ထီးတော်နှင့်စိန်ဖူးတော်သစ် တင်လှူပွဲ အခမ်းအနားကို မေ၁ရက်က စေတီတော်မြတ် ရင်ပြင်တော်ပေါ်ရှိ အာရုံခံမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ တင်လှူပူဇော်ကြကြောင်း သိရသည်။ **(၁၈၉)**

ပြိုင်မြို့နယ်တွင် သက်ကြီးပူဇော်ပွဲကျင်းပ

မူလတန်းလွန်ကျောင်းဆောင်သစ်အတွက် ငွေလှူဒါန်း

ပြိုင် ဧပြီ ၃၀

ပြိုင်မြို့နယ် မင်းသားကျကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ဦးဆောင်မှုဖြင့် ပဉ္စမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၆ရက်က ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ရှင်က အဖွင့်အမှာစကားပြောကြားပြီး ရွာဦးကျောင်းဆရာတော်ဦးဉာဏဟာက သက်ကြီးရွယ်အိုများအား ပူဇော်ရသည့် ကုသိုလ်တရားများအကြောင်း တရားဟောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မုံရွာမြို့နေ မောင်သန့်ဇင်ညီအစ်ကိုများက သက်ကြီးရွယ်အိုများ အတွက် တရားဓမ္မစာအုပ်များနှင့် မူလတန်းလွန်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ငွေကျပ် ၃၀၀၀၀ ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခရိုင်ချင်းဆက်လမ်း အမှတ်(၁) သာယာဝတီမြို့နယ်အပိုင်း မြေသား လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို မေ ၆ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တိုင်းအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖေအောင်သူနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ် သတင်းများ

မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

တောင်ကြီး မေ ၅

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာန ပြည်နယ်မှူး ဦးမျိုးမြင့်နှင့် ခရိုင်မီးသတ်တပ်ဖွဲ့မှူး ဦးညိုအေးတို့ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် မေ၁ရက်မှ ၃ရက်အထိ စိန်ပန်းရပ်ကွက်နှင့် ရွှေတောင်ရပ်ကွက်များအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးရေးဆောင်ရွက်ခဲ့ပြီး စိန်ပန်းရပ်ကွက်ရှိ မိုးရာသီရေလွှတ်ပေါက်အား အမှိုက်သရိုက်များ ရှင်းလင်းခြင်း ဆောင်ရွက်ခဲ့သည်။

မေ ၄ရက်တွင် မီးသတ်တပ်ဖွဲ့ဝင်များသည် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပရာ မိခင်နှင့်ကလေးဆေးရုံကြီးတွင် သွေး ၁၀ပုလင်း၊ စဝ်စံထွန်းဆေးရုံကြီးတွင် သွေးပုလင်း ၂၀၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီးတွင် သွေး ငါးပုလင်း စုစုပေါင်း သွေး ၃၅ပုလင်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

သုံးခွမြို့နယ် စပယ်မြိုင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

စာအုပ်မျိုးစုံနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

သုံးခွ မေ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် စပယ်ချောင်ကျေးရွာအုပ်စု စပယ်ချောင်(ရွာမ)တွင် စပယ်မြိုင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၄ရက်က ရန်ကုန်မြို့ သာကေတမြို့နယ် သိန်းကမ္ဘာပရိဘောဂ ဦးသောင်းမြင့် မိသားစုဆောက်လုပ်လှူဒါန်းသည့် ၄၅သိန်းကျော်တန် မြတ်သစ္စာဓမ္မာရုံ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစံသိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းနှင့် ဓမ္မာရုံအလှူရှင် ဦးသောင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် စာအုပ်အလှူရှင် ၁၀ဦးတို့က လှူဒါန်းသော စာအုပ်မျိုးစုံ ၁၀၅၃အုပ်နှင့် အလှူရှင် ၁၂ဦးတို့ကလှူဒါန်းသော စာကြည့်တိုက်ငွေပဒေသာပင် ကျပ်လေးသောင်းလေးထောင်ကို အလှူရှင်များကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ရွှေက စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးစန်းမြင့်ထံ ပေးအပ် လှူဒါန်းသည်။

ထို့နောက် ရန်ကုန်မြို့မှ ဦးမြငြိမ်းမိသားစုက ၂၁ လက်မ ရုပ်မြင်သံကြား ဖမ်းစက်တစ်လုံးနှင့် သုံးခွမြို့မှ ဦးအေးကို၊ ဇနီးဒေါ်ကြူကြူမြင့်မိသားစုတို့က ရေဒီယိုတစ်လုံး လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နောင်ခမ်းလမ်းမူလအကျယ် ၁၄ ပေမှ ပေ ၂၀ အထိ တိုးမြှင့်ပြီး အရှည်ပေ ၂၈၀၀ အား စည်ပင် သာယာ ရေးအဖွဲ့ ရန်ပုံငွေကျပ် ၄၃ သိန်းဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၂ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဆည်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

အမျိုးသမီးငယ်များ စက်ချုပ်သင်တန်းဖွင့်

ကျောက်ဆည် မေ ၁၀

ကျောက်ဆည်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ မိသားစုဝင်ငွေတိုးလုပ်ငန်း အမျိုးသမီးငယ်များ စက်ချုပ်သင်တန်းအမှတ်စဉ်(၁/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို မေ ၂ရက် နံနက် ၁၀နာရီက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ကျောက်ဆည်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းမေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဝင်းမေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

သင်တန်းသို့ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် အမျိုးသမီးငယ်သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

(၅၆)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မေ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာတိုက် (စာပြင်ဌာန)မှ လူမှုထူးချွန် (တတိယဆင့်) ဦးစိန်ဝင်း **(အပေါ်ပုံ)**သည် မေ၁၀ရက်က ဗဟိုအမျိုးသား သွေးလှူဘဏ်၌ (၅၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဧပြီ ၂၁ရက်က ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ(၃) ဦးဟန်ဝင်းအောင် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဘုရင့်နောင်ပန်းခြံအတွင်း၌ ပန်းအလှပင်များအစားထိုးစိုက်ပျိုးခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို အမှုဆောင် အရာရှိ ဦးကျော်စိုး ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

ပေါင်မြို့နယ်တွင် ကျေးရွာသားဖွားခန်းဖွင့်

ပေါင် မေ ၅

မွန်ပြည်နယ် ပေါင်မြို့နယ် ပန်းကုန်းကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ သားဖွားခန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီက ပန်းကုန်းကျေးရွာ သားဖွားခန်းရှေ့မုခ်ဦး၌ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာသားဖွားခန်းကို ပြည်နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဝင်းကျော်နှင့် အလှူရှင်ဦးနေဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က သားဖွားခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အလှူရှင်ဒေါ်အေးအေးမွန်က မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြလင်းစိန်သို့ အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး သားဖွားခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သည် ပန်းကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး သုတပျိုးခင်း စာကြည့်တိုက်ကို ကြည့်ရှုကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်ရဲ့ ဦးဆောင်မှုနဲ့ နိုင်ငံတော်သစ်ဆီရောက်အောင် အပတ်တကုတ်ကြိုးပမ်းနေချိန် ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စု ရှမ်းပြည်နယ်ကို ပြည်ထောင်စုကြီးက ခွဲထွက်ကြောင်းကြေညာ ပြည်ထောင်စုကြီး ပြိုကွဲသွားအောင် နည်းမျိုးစုံနဲ့ ကြိုးပမ်းနေတဲ့ နယ်ချဲ့သမားရဲ့ကြိုးကိုင်မှုဖြစ် နယ်ချဲ့သမားရဲ့ ဖြိုခွဲရေးလမ်းစဉ်မှာ ရှေ့တန်းကပါဝင်တဲ့ စဝ်ခမ်ဖကို တိုင်းရင်းသားအားလုံးရှုံ့ချမုန်း

ရန်ကုန် မေ ၁၂

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၂ ရက် နံနက် ၇နာရီ ၁၀ မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ သဘာပတိ ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက်မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းဟောင်ခမ်းက အဖွင့်မိန့်ခွန်းကို အောက်ပါအတိုင်းပြောကြားသွားသည်။ ***စာမျက်နှာ ၉ ကော်လံ ၄*** ■

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့ မြို့မအားကစားကွင်းတွင် ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ပြေးစဝ်ခမ်ဖနဲ့ SURA သောင်းကျန်းသူအဖွဲ့ ပြည်တွင်းမှာ ဟန်ချက်ညီညီဆောင်ရွက်ခဲ့ စဝ်ခမ်ဖကို ထောက်ခံတဲ့ပြကွက် SURA ကြီးစိုးရာနယ်မြေက ဖန်တီးထုတ်လွှင့်ပြသ

ပြည်တွင်းမတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု ပျက်ပြားရင် ပွဲလန့်တုန်းဖျာခင်းမယ့်လုပ်ရပ် တွေ့မြင်ရ တိုင်းရင်းသားညီအစ်ကိုများ ပြည်တွင်းအား ခိုင်မာစွာတည်ဆောက်ပြီး နိုင်ငံရေးသတိနဲ့ တန်ပြန်ချေမှုန်း

ရန်ကုန် မေ ၁၂

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၂ ရက် နံနက် ၇နာရီ ၁၀ မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက်မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းရှဲန်ခမ်းက **“ပြည်ပြေးစဝ်ခမ်ဖနှင့်အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ကျိုင်းတုံမြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း”** အဆိုကို အောက်ပါအတိုင်းတင်သွင်းသွားသည်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား-

ကျွန်တော်ကတော့ ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက်တွင် နေထိုင်သော ရှမ်းတိုင်းရင်းသား ဦးစိုင်းရှဲန်ခမ်းဖြစ်ပါတယ်။ ဒီကနေ့ ကျိုင်းတုံမြို့မှာ ကျင်းပတဲ့ လူထုအစည်းအဝေးကြီးမှာ ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့ရဲ့ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာချက်အား ကျိုင်းတုံဒေသခံ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားတွေဟာ ဒေသတွင်း မတည်ငြိမ်မှုတွေ၊ သောင်းကျန်းသူများရဲ့ နှောင့်ယှက်မှုတွေ၊ ဖျက်ဆီးဟန့်တားမှုတွေကို အခြားသော တိုင်းရင်းသားတွေထက် ကာလရှည်ကြာစွာနဲ့ ခါးသီးစွာ တွေ့ကြုံရင်ဆိုင်ခဲ့ရသူတွေ ဖြစ်ပါတယ်။ ***စာမျက်နှာ ၁၁ ကော်လံ ၁*** ●

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး